ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 May 2022 ၁၀၇၃၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဝင်များနှင့် ဇနီးများ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်စဉ်။

**နေပြည်တော် မေ ၁၄**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လ ရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သော ယနေ့ ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ ညနေပိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ဇနီးများက မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

## ယနေ့ ဖတ်စရာ

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုး ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၄

**(၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား (ပထမပိုင်း) မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကျင်းပ**

စာမျက်နှာ » ၅

**ချင့်ချိန်နှိုင်းဆရခြင်းသဘော**

ဆောင်းပါး စာမျက်နှာ » ၆

ကျိုးကြောင်းစဉ်ဖျိုးခြင်း

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# နိုင်ငံတော်၏ အဓိကလိုအပ်ချက်ကိုဦးတည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၂)ကို မေလ ၁၂ ရက်နေ့ကကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအလိုက် တိုတောင်းသည့်ကာလအတွင်း အဖြေတစ်ခုခုရရှိစေရန်အတွက် အဖွဲ့အစည်းများအလိုက် ဥက္ကဋ္ဌနှင့် ညှိနှိုင်းတိုင်ပင်နိုင်ရန် နှစ်ဦးတို့ကို မိမိနှင့်သီးခြားစီတွေ့ဆုံရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် ထိုသို့ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါအတိုင်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထာဝရငြိမ်းချမ်းရေး အကောင်အထည်ပေါ်လာရေးအတွက် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့သည်။

ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ "တွေ့ဆုံဆွေးနွေးမှုကြောင့် ရသင့်သည့်အဖြေတစ်ခု ရရှိလာမည်ဖြစ်ပြီး ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရာတွင်လည်း နှစ်ဖက်ညှိနှိုင်းမှုများပြုလုပ်၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီ၏အနှစ်သာရကို ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေး၊ နှစ်ဖက်မျှတမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် လွတ်လပ်မှု၏အရသာ၊ ဒီမိုကရေစီ၏အနှစ်သာရကို ခံစားနိုင်မည်ဖြစ်ကြောင်း" ပြောကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ ယခုနှစ်သည် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့စိန်ရတုအကြိုကာလဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ယခုနှစ်သည် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည်မှာ စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသောလက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင်အောင် ဖြစ်ပေါ်နေဆဲဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးတို့အနေဖြင့် လွတ်လပ်ရေး၏အသီးအပွင့်၊ ဒီမိုကရေစီ၏အနှစ်သာရများကို တန်းတူညီမျှ မခံစားကြရသေးပေ။

ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ အရှည်ကြာဆုံးနိုင်ငံမှာ မြန်မာနိုင်ငံဟု ဆိုရမလိုဖြစ်နေ၍ ယခုလိုအချိန်အခါ ကမ္ဘာကြီး၌ နိုင်ငံအများ ပြောင်းလဲတိုးတက်နေသောအခါတွင် အတူလိုက်ပါဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးကို မရရအောင်ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်နေပြီဖြစ်သည်။ တိုင်းရင်းသားအဖွဲ့အစည်းများအကြား သဘောထားကွဲလွဲမှုအမျိုးမျိုးတို့ကြောင့် ပဋိပက္ခများ မဆုံးနိုင်အောင် ရှည်ကြာနေသဖြင့် ယခုစိန်ရတုလွတ်လပ်ရေးနေ့၊ စိန်ရတုပြည်ထောင်စုနေ့ကာလများသို့ ကျရောက်ချိန်တွင် နိုင်ငံတော်အကြီးအကဲက ငြိမ်းချမ်းရေးကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏ အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင်နှစ်ဦးကိုပါ ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ NCA တွင် လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် NCA တွင် လက်မှတ်ရေးထိုးခြင်း မပြုသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တို့ လာရောက်မည်ဟု အကြောင်းပြန်ထားသည်။ ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အချို့အဖွဲ့အစည်းများတွင် အကန့်အသတ်နှင့်အဟန့်အတားများ ရှိနေသည်ကိုတွေ့ရသည်။ ထို့အပြင် အချို့ EAO များအနေဖြင့် ၎င်းတို့နယ်မြေတွင် ရောက်ရှိနေသော PDF အကြမ်းဖက်သမားများနှင့်လည်း ဆက်နွှယ်နေသည်ကိုတွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ယခုပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ထိရောက်သည့် အဖြေတစ်ခုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး EAO တို့၏ဆန္ဒ၊ နိုင်ငံတော်၏ လိုအပ်ချက်ဆန္ဒများဖြင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်၍ အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကို ကောင်စီအစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အဆင့်ဆင့် သီးသန့်ဆွေးနွေးသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဖက်မျှတအောင် ဆောင်ရွက်ပြီး နိုင်ငံတော်၏အဓိကလိုအပ်ချက်ကို ဦးတည်ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရေတာရှည်မြို့ သမိုင်းဝင်ဓာတ်တော်ဘုရားကြီးတွင် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

**ရေတာရှည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီမှကြီးမှူး၍ မြို့နယ်ဌာနပေါင်းစုံ စုပေါင်း၍ ကဆုန်ညောင်ရေသွန်းပွဲကို ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက်ရှိ သမိုင်းဝင်ဓာတ်တော်ဘုရားကြီးဝင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်ဇနီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုဝင်များက မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်းခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် ဘုရားကြီးဝင်းအတွင်းရှိ မဟာဗောဓိပင်များအား ရေပက်ဖျန်း၍ ပူဇော်ခဲ့သည်။

ထို့နောက် သမိုင်းဝင်ဓာတ်တော်ဘုရားကြီးရင်ပြင်၊ ဓမ္မာရုံနှင့် ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



### ဆက်ကပ်လှူဒါန်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိတိပိဋကလင်္ကာရစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ပန်းသုံးဝကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ရန်ကြီးအောင်ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိ ညောင်ပင်တော်များအား (၁၄)ကြိမ်မြောက် ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

* ရွှေဖုံးမှ

ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်စဉ်။

**ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား "ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်" ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့များဖြစ်သဖြင့် "ဗျာဒိတ်ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟု မှတ်တမ်းပြုကြပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိ**

အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ညောင်ရေသွန်းလောင်းပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်များအားညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာခုသုံးကြိမ်ခေါ်ဆိုပြီး သတ်မှတ်ထားသည့်နေရာများအလိုက် မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များကို လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

**သွန်းလောင်းပူဇော်**

ထို့ပြင် ဗေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိမဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

**မှတ်တမ်းပြု**

ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကို ရလိမ့်မည်"** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့များဖြစ်သဖြင့် **"ဗျာဒိတ်ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြသည်။ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"** ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်း စသည့် ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့က ပိဋကတ်ကျောက်စာတော် ရေးထိုးပူဇော်မည့် မင်္ဂလာစက်ယန္တရားများ၏ မင်္ဂလာလိုက်ကာများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးတော်မူကြစဉ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်မည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များ စတင်ရေးထိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏတို့ အမှူးပြုသည့် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြပြီး သီတဂူ ဆရာတော်ကြီးထံမှ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာကို နာယူကြည်ညိုပူဇော်ကြသည်။

**ရွတ်ဆိုပူဇော်**

ယင်းနောက် ဆရာတော်ကြီးများက အနေကဇာတိသံသာရံအစချီ ဥဒါန်းဂါထာ၊ ပဋ္ဌိစ္စ သမုပ္ပါဒ် အနုလုံပဋိလုံပါဠိ၊ ယဒါဟဝေသုံးဂါထာ၊ ပဌာန်းပစ္စယုဒ္ဒေသပါဠိနှင့် ဇယမင်္ဂလာဂါထာတော် များကို ရွတ်ဆိုပူဇော်ကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ပိဋကတ်ကျောက်စာ တော်ကို ပရိတ်နံ့သာရည်ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပိဋကတ်ကျောက်စာတော်ကို ပရိတ်နံ့သာရည်ပက်ဖျန်းပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများ သည် ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်ကြီးတို့က ပိဋကတ်ကျောက်စာ တော် ရေးထိုးပူဇော်မည့် မင်္ဂလာစက်ယန္တရားများ၏ မင်္ဂလာလိုက်ကာများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးတော်မူကြသည်။

**စတင်ရေးထိုးပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ယန္တရားများကို မင်္ဂလာ စက်ခလုတ်နှိပ်၍ ပိဋကတ်ကျောက်စာတော် စတင် ရေးထိုးပူဇော်ပြီး ပရိတ်နံ့သာရည်များပက်ဖျန်းသည်။

ယင်းနောက် ဆရာတော်ကြီးများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျောက်စာတော်များကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ရေးထိုးနေမှုများအား ကြည့်ရှုကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော်ဆရာတော် ကြီးနှင့် သီတဂူဆရာတော်ကြီးတို့အား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း ၁၊ အပိုင်း ၂၊ အပိုင်း ၃ နှင့် အပိုင်း ၄ တို့ ထုဆစ်ပြီးစီးမှုနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ပြသရှင်းလင်း လျှောက်ထားပြီး ဆရာတော်ကြီးများ ၏ ဩဝါဒကိုခံယူသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည်။

အဆိုပါ ကျောက်စာရုံစေတီများတည်ထားနိုင် ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး **စာမျက်နှာ ၅ သို့ »»**



သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ပိဋကတ်ကျောက်စာတော်ကို ပရိတ်နံ့သာရည်ပက်ဖျန်းပေးစဉ်။

❖ **ယခုပိဋကတ်ကျမ်းစာတော်များကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ မုက္ခပါဠိတော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာရုံစေတီများအတွင်းရှိ ဘုရားဟောဒေသနာတော်များကို ပြည့်စုံစွာ ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်**

»»» **စာမျက်နှာ ၄ မှ**

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် အလယ်ဗဟိုကျောက်စာရုံစေတီသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံစေတီများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ခြောက်ပေ သုံးလက်မ၊ ဒု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ကြောင်း၊ ယခုပိဋကတ်ကျမ်းစာတော်များကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ မုက္ခပါဠိတော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာရုံစေတီများအတွင်းရှိ ဘုရားဟောဒေသနာတော်များကို ပြည့်စုံစွာ ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ရေးထိုးပူဇော်နိုင်ရေး ဆောင်ရွက်ရာတွင် ကျမ်းစာတော်များကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား(ပထမပိုင်း) မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၄**

(၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား (ပထမပိုင်း) မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း ဂေါတမဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ (ပါဠိဆရာတော်) အမှူးပြုသည့်ဆရာတော်၊သံဃာတော်များကြွရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ပါဠိဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသည့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းလောင်းအမျှပေးဝေကာ အခမ်းအနား (ပထမပိုင်း)ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ကျင်းပသော မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)က ကျင်းပသော မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးသောင်းဝင်းက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ လျှောက်ထားတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သော အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ကျောက်တန်းမြို့နယ် ကန်ပြောင်းအရှေ့ကျောင်းတိုက် ဆရာတော်နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုန္ဒရထံသို့လည်းကောင်း၊ တိုင်းမှူးက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝေပုလ္လထံသို့လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ချင့်ချိန်နှိုင်းဆရခြင်းသဘော

ချစ်နိုင်(စိတ်ပညာ)

လူသည် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ငှက် တိရစ္ဆာန်တို့ထက် ထူးခြားသာလွန်သော စွမ်းရည်တစ်ရပ်ရှိခဲ့ခြင်း၌ ကွဲပြားပါသည်။ တိရစ္ဆာန်များမှာလည်း အမြင်အာရုံမျက်စိရှိကြပါသည်။ မြင်နိုင်သည်။ အကြားအာရုံခံလည်း ရှိကြသည်။ အသံကို ကြားနိုင်ကြသည်။ အာရုံခြောက်ပါးစလုံး လူသားနည်းတူ သူတို့ခံစားနိုင်ကြသည်။ ခွဲခြားသိရှိ၊ မှတ်မိနိုင်သောဓမ္မာရုံသဘော အသိဉာဏ်လည်း အနည်းနှင့်အများရှိကြသည်ပင်။ တိရစ္ဆာန်ဆိုသော်ငြားလည်း ဆင်၊ မြင်း၊ ခွေးစသော အချို့သတ္တဝါများဆိုလျှင် လူကသင်ကြားလေ့ကျင့်ပေးပါက စစ်ရေးစစ်ရာ၊ တိုက်ရေးခိုက်ရေးတွင်ပါ အသုံးကျအောင် ထိုက်သင့်သော ဉာဏ်ရည်ရှိတတ်ကြပါသည်။

**ကမ္ဘာကြီးကို ခြယ်လှယ်စိုးမိုးသူ**

သို့ရာတွင် မြင်းမှာလည်း ပါးနပ်သောမြင်း၊ ထုံထိုင်းသောမြင်း၊ ခွေးမှာလည်း လိမ္မာသောခွေး၊ သင်၍မတတ်သောခွေးစသည်ဖြင့် ဉာဏ်အင်အား ကွဲပြားနေကြကြောင်း တွေ့ရသည်။ လူသားကတော့ ဤကမ္ဘာမြေတစ်လွှား အသိဉာဏ်အမြင့်မားဆုံးဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သဖြင့် အထူးဖော်ပြနေစရာ မလိုတော့ပါချေ။ ကမ္ဘာကြီးကို အစစအရာရာ ခြယ်လှယ်စိုးမိုးသူ။ လူမှာလည်း လူအချင်းချင်း ဉာဏ်ရည်ဉာဏ်သွေးချင်း အနိမ့်အမြင့် သို့မဟုတ် အညံ့အတော် ကွဲပြားခြားနားကြပါသည်။ ကျောင်းသားထဲမှာ ဆရာက သင်ကြားပြသမှုကို တစ်ခန်းတည်း တစ်တန်းတည်း အတူတကွ အညီအမျှရရှိခဲ့ကြပါသော်လည်း စာမေးပွဲရမှတ်မှာ မတူကြ။

အောင်သူကအောင်၍ ကျသူကကျသည်။

အောင်သူမှာပင် ဂုဏ်ထူးပါသူ၊ သာမန်ပဲအောင်သူဟု အဆင့်မှာ ကွဲကြပါသေးသည်။ ဘာကြောင့်ပါလဲ။ ဉာဏ်ရည်ချင်းမတူသည်လည်းရှိမည်။ ကြိုးစားမှုချင်း ကွဲပြားသည်လည်း ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ လူလူချင်းဉာဏ်ရည်အရာတွင် ကွဲပြားခြားနားကြသည်ကိုမူ ခေတ်သစ်စိတ်ပညာက ထင်ရှားပေါ်လွင်စွာ ထုတ်ဖော်နိုင်ခဲ့ပါ၏။ ဉာဏ်ရည်စစ်ဆေးလွှာများဖြင့် အရွယ်တူအုပ်စုတစ်ခုကို စစ်ဆေးပြီး မည်သည့်ကျောင်းသား သို့မဟုတ် သင်တန်းသားက ဉာဏ်ရည်ရမှတ် မြင့်မားပြီး မည်သည့်ကျောင်းသားက သာမန်၊ မည်သည့်ကျောင်းသားက ဉာဏ်ရည်ရမှတ်နိမ့်နေသည်ဆိုသောအချက်ကို မှန်ကန်စွာ ခွဲခြားဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ၁၉ ရာစု၊ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အကြား ၁၉၂၀-၁၉၃၀ ကာလ အမေရိကန်စိတ်ပညာရှင်များက စစ်တပ်အတွက် အရာရှိလောင်း ရွေးချယ်ရာတွင် စနစ်တကျအောင်မြင်စွာ စတင်အသုံးချခဲ့ကြပါသည်။ ရမှတ် ၁၂၀ နှင့် ၁၀၀ အတွင်း ရသူသည် ဉာဏ်တော်သူ၊ ၁၀၀ နှင့် ၈၀ ကြားရသူက ဉာဏ်ကောင်းသူ၊ ရမှတ် ၈၀ နှင့် ၆၀ အတွင်းရသူက သာမန်ဉာဏ်ရည်၊ ရမှတ် ၆၀ အောက်ဆိုလျှင် ဉာဏ်နည်းသူနှင့် ရမှတ် ၄၀ အောက်နည်းပါက ဉာဏ်ထုံထိုင်းသူဟု ခွဲခြားသတ်မှတ်ပါသည်။ ထူးချွန်ထူးကဲစွာ ဉာဏ်ရည်ထက်မြက်သူအချို့ကမူ ရမှတ် ၁၂၀ ကိုပင်ကျော်လွန်ကာ ၁၄၀ ကျော်အထိ စံချိန်တင်သူမျိုးလည်း ရှိတတ်ပါ၏။

စာဖြင့်လည်းကောင်း၊ ရုပ်ပုံဖြင့်လည်းကောင်း၊ သင်္ချာပုစ္ဆာများဖြင့် လည်းကောင်း သုတေသနအဆင့်ဆင့်ပြုလုပ်ပြီး ဉာဏ်ရည်စစ်ဆေးလွှာ I.Q. Tests အမျိုးမျိုးကို စိတ်ပညာရှင်များက မိမိတို့ဘာသာစကားအရ ပြုစုတည်ဆောက်ထားကြပါသည်။ ဝန်ထမ်းအရာရှိ ရွေးချယ်ခြင်း၊ တပ်မတော်ဗိုလ်လောင်း ရွေးချယ်ခြင်းတို့တွင် ထိုဉာဏ်ရည်စစ်ဆေးလွှာအမျိုးမျိုးတို့ကို ရာထူးရွေးချယ်ခန့်ထားရေးအဖွဲ့၊ ဗိုလ်ရွေးအဖွဲ့တို့က လက်တွေ့အသုံးချ စစ်ဆေးအကဲဖြတ်နေကြပါလေသည်။

တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း မိမိမှာ ဉာဏ်ရည်စစ်ဆေးလွှာအမျိုးမျိုးကို ဖြေဆိုရသည်။ ဉာဏ်ရည်စစ်ဆေးလွှာအသစ်အသစ်များ ပြုစုတည်ဆောက်ဖို့ရာအတွက် သုတေသနလုပ်ငန်းမှာ အစမ်းသပ်ခံအဖြစ် ပါဝင်ကူညီရခြင်းဖြစ်ပါ၏။ မိမိက မန္တလေးတက္ကသိုလ်စိတ်ပညာကျောင်းသားအဖြစ် အချိန်လေးနှစ်ကြာ တက်ခဲ့ရစဉ်ကလည်းကောင်း၊ ဆက်လက်၍ ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်၊ အသုံးချစိတ်ပညာဒီပလိုမာ(တစ်နှစ်ခွဲသင်တန်း ၁၉၈၂-၁၉၈၃)သင်တန်းကို တက်ခဲ့ရသဖြင့်လည်းကောင်း အင်္ဂလိပ်လိုရော မြန်မာလိုပါ ဉာဏ်ရည်စစ်ဆေးလွှာများ၊ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာများ၊ ဖတ်ရှုမှတ်သား လေ့လာထားခဲ့ရပါ၏။ တာဝန်အရ သင်ယူဆည်းပူးခဲ့ရ၏။

**စစ်ဆေးအကဲဖြတ်အမှတ်ပေးရွေးချယ်**

စိတ်ပညာဆိုင်ရာစစ်ဆေးခြင်းကို ထိုကဲ့သို့ စာတွေ့ လက်တွေ့စာသင်ခန်းမှာ ခြောက်နှစ်ကျော် သင်ယူခဲ့ရုံနှင့် မပြီးခဲ့ချေ။ ကိုယ်တိုင်တပ်မတော်အရာရှိဘဝ ခြေလျင်စစ်သားမှ မင်္ဂလာဒုံရှိ(ထိုစဉ်က) တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ခုနစ်နှစ်ကျော် ကြာမျှ ဗိုလ်သင်တန်းတက်ရန် လျှောက်ထားသူ ဗိုလ်လောင်းလူငယ်လူရွယ်ပေါင်းထောင်နှင့်ချီကာ စစ်ဆေးအကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ရပါ၏။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ ဘွဲ့ရဗိုလ်လောင်း၊ အခြားအဆင့်ဗိုလ်လောင်း၊ သူနာပြု (အမျိုးသမီး) ဗိုလ်လောင်း၊ ဆေး၊ စက်မှုစသည့် တပ်မတော်တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ဗိုလ်လောင်းအမျိုးအစားအသီးသီး။ သူတို့ မိမိနှင့် တစ်ဦးချင်းတွေ့ဖူးခဲ့ကြပါသည်။

ဉာဏ်ရည်ပြကိန်း(Intelligence Quotient) သာမန်ထက်နိမ့်သူများကိုတော့ ရွေးလေ့မရှိခဲ့ပါ။ ဉာဏ်ရည်မမီသူများ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)၊ တပ်မတော်(ရေ)၊ ကက(ဆေး)၊ ကက(နက်)၊ ကက(ထုတ်)၊ ကက(ဆက်)စသည်တို့တွင် အရာရှိအဖြစ် အမှုထမ်းနိုင်လိမ့်မည် မဟုတ်ပါ။ သာမန်အချိန်ဖြစ်စေ၊ အရေးပေါ်ကာလဖြစ်စေ၊ တိုက်ပွဲကာလအတွင်းမှာဖြစ်စေ တပ်မတော်ခေါင်းဆောင်တစ်ဦးသည် အခြေအနေအမျိုးမျိုး၏ ဖိစီးမှုဒဏ်ကို ကြံ့ကြံ့ခံလျက် မှန်ကန်သော ဆုံးဖြတ်ချက်ကို ရွေးချယ်နိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်လောင်းရွေးချယ်ရာတွင် ဘယ်သူဘယ်ဝါနှင့် ဆွေမျိုးဟု မျက်နှာလိုက်ခြင်း၊ ခွဲခြားခြင်းမရှိခဲ့ပါ။ စစ်တပ်ထဲမှာ ဘယ်သူနှင့်မျှ ဆွေမျိုးမတော်သည့် ငပုတောမြို့နယ် ကျုံးကူးရွာမှ အထကကျောင်းသား မောင်သိန်းစိန်လည်း ဗိုလ်ချုပ်ကြီးဖြစ်လာပါသည်။ သာမန် ပန်းချီနည်းပြ ပန်းချီပညာရှင်တစ်ဦး၏ သားတစ်ဦးသည်လည်း သူ၏ ပင်ကိုအရည်အချင်းအရ စစ်တက္ကသိုလ်တက်ခွင့်ရခဲ့ပြီး တာဝန်အဆင့်ဆင့်အောင်မြင်စွာ ထမ်းဆောင်ဖြတ်သန်းကာ ထိပ်ပိုင်းရာထူးနေရာတွင် ကွပ်ကဲနိုင်သည်ကို တွေ့ကြရပေမည်။

လူတစ်ယောက်၏ ဘဝခရီးအတက်အကျသည် ပြင်ပတစ်စုံတစ်ဦးက ကြိုးကိုင်ခြယ်လှယ်ဖန်တီး၍ ဖြစ်ပေါ်ပြောင်းလဲခြင်းက အနည်းငယ်မျှသာ ပါဝင်ကောင်းပါဝင်နိုင်ပါသည်။ ကောင်းမှုဆိုးမှုအစုစုသည် ကာယကံရှင်၏ ကိုယ်တိုင်ကိုယ်ပိုင်ဖြစ်သော မိမိ၏ ကာယကံ၊ ဝစီကံနှင့် မနောကံတို့အပေါ်မှာသာလျှင် အပြည့်အဝမူတည်ပါပေသည်။ ခေါင်းဆောင်အဆင့်ဆင့် တာဝန်ယူခွင့် ရခဲ့ကြသူများမှာ အောက်ပါအချက်တို့ သာမန်လူများထက် ကောင်းမွန်အောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ခဲ့ကြရပေလိမ့်မည်။

| | | |
|---|---|---|
| ၁။ | သုံးသပ်အကဲဖြတ်နိုင်စွမ်း | Assessment |
| ၂။ | တာဝန်ခံမှု | Accountability |
| ၃။ | ယုံကြည်ကိုးစားခံထိုက်မှု | Creditability |
| ၄။ | လုပ်ရည်ကိုင်ရည် | Efficiency |
| ၅။ | ရိုးသားမှု | Honesty |
| ၆။ | တာဝန်ယူတတ်မှု | Responsibility |
| ၇။ | အနာဂတ်အမြင်၊ အမြော်အမြင် | Vision |

မြန်မာ့ရိုးရာအယူကတော့ လူတစ်ယောက်၏ ကောင်းခြင်းဆိုးခြင်းအကြောင်းအကျိုးအမျိုးမျိုး၏ ကံဇာတာသည် ဘယ်သူမပြု မိမိမှုဟူသော ဆိုရိုးစကားအတိုင်း မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယဟူသော အချက်သုံးခုအပေါ်မှာသာ မူတည်သည်။ ကောင်းမှုပြုကကောင်းကျိုးရ၏။ ဆိုးပြစ်ပြုလုပ်က ဆိုးဒဏ်ကို ကိုယ်သာခံရမှာ ဖြစ်ပါ၏။

"သ ဒိ သံ ပါ ကံ ဇ နေ တိ။"

ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာသည်။ ပြုလုပ်မှုတစ်ခု၏ အားလျော်စွာ တူညီသော တုံ့ပြန်မှုကို ရစမြဲသဘော (ပါစကယ်၏ရူပဗေဒနိယာမတစ်ခုပမာ)ဖြစ်ပေမည်။ ထို့ကြောင့် လူ့ဘဝကို ရရှိလာသည့်အခိုက် မိမိကိုယ်မိမိ ငါသည် ဘယ်လိုလူစားလဲဟု ခွဲခြားဆန်းစစ်အကဲဖြတ်သင့်လေသည်။ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ ဟောကြားခဲ့ဖူးသော တရားများအနက်မှ မိမိမှတ်သားနာယူဖူးသော လူ့သဘောနှင့် လူအမျိုးမျိုးကို ဖော်ပြခွင့်ပြုပါ -

**သင် ဘယ်လိုလူစားလဲ၊**

**လူအမျိုးမျိုး၊ လူသရုပ်ခွဲ (၇) မျိုး**

၁။ မှားတတ်တာက လူ့သဘာဝ၊ (အမှားရှာ၊ အမှန် အမြန်ပြုပြင်)

၂။ မှားမှန်းမသိသူက **လူညံ့၊**

၃။ သိလျက်နဲ့ဆက်မှားသူ **လူမိုက်၊**

၄။ မှားဖို့ပဲ ဆက်ကြိုးစားနေသူက **လူယုတ်မာ။**

၅။ အမှန်အမှား အကောင်းအဆိုးသိတာ (သီလရှိသူ) **လူမှန်။** Right Man

၆။ သူတစ်ပါးကောင်းကျိုး၊ လူအများကောင်းကျိုး ရွက်ဆောင်သယ်ပိုးသူက (သမာဓိရှိသူ) **လူကောင်း။** Good Man

၇။ လောကကြီး၏ ရုပ်နာမ်တရားတို့ကို ဖြစ်ပျက်နေပုံနှင့် မမြဲ ဆင်းရဲ ငါမရှိ ငါမဟုတ် ငါမပိုင် ဟူသော သဘောသဘာဝကို သိမြင်ခံယူနိုင်တာ (ပညာရှိ) **မွန်မြတ်သောသူ** Noble Man

**သီတဂူဆရာတော် အရှင်ဉာဏိဿရ**

စိတ်ပညာသဘောမှာတော့ စိတ်ပညာရှင်အချို့က စိတ်ဆိုသောအရာတွင် အစ်(id)၊ အီဂို(Ego) နှင့် ဆူပါအီဂို(Super Ego)ဟူ၍ သုံးလွှာရှိကြောင်း ရှင်းလင်းဖွင့်ဆိုခဲ့ဖူး၏။ စာရေးဆရာမင်းသိင်္ခက သူ၏ဝတ္ထုတစ်ပုဒ်ထဲတွင် လူဆိုသည်မှာ စိတ်တစ်ခုတည်းမှာပင် အောက်ပါအပြောင်းအလဲတစ်ခုမှ တစ်ခုသို့ အလွယ်တကူ ပြောင်းလဲတတ်သည်ဆို၏။

| | | | |
|---|---|---|---|
| ၁။ | **နတ်စိတ်** | = | သူတစ်ပါးကို မေတ္တာရှေးရှုသည်။ စာနာသည်။ ဖေးမသည်။ သည်းခံသည်။ ကူညီသည်။ စောင့်ရှောက်သည်။ |
| ၂။ | **လူစိတ်** | = | ခင်မင်တတ်သည်။ အပေးအယူရှိသည်။ စဉ်းစားပုံမျှတသည်။ |
| ၃။ | **ဘီလူးစိတ်** | = | ကြမ်းတမ်းသည်။ အနိုင်ကျင့်သည်။ ရက်စက်သည်။ ယုတ်မာသည်။ မတရားပြုတတ်သည်။ လောဘဒေါသလွန်ကဲသည်။ |

မိမိတို့ ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် အသားဖြူဖြူ၊ ညိုညို၊ မည်းမည်း ဘာမှခွဲခြားစရာ မလိုပါပေ။ လူအားလုံးသည် လူလူချင်းအတူတူလေ။

သို့ရာတွင် သူ့အကျိုး သူ့အတွက် သူ့ဘက်က အကျိုးစီးပွားအတွက် သက်သက်ကြမ်းတမ်းရက်စက်အနိုင်အထက်ပြုရက်သူ၊ ပြုတတ်သူ ဘီလူးစိတ်အပြည့်အဝရှိသူ(လူ့မျက်နှာလူပုံပန်း ဖန်ဆင်း၍ ဟန်ဆောင်လှည့်စားထားသော်လည်း)ဘီလူးစိတ်ရှိကြသူ ဘီလူးအုပ်စုနှင့် ရင်ဆိုင်တွေ့နေစဉ်မှာကား အလွယ်တကူ အညံ့ခံအရှုံးပေးပြီး သဘောထားကြီးစွာ အစားခံ၍ မဖြစ်ပေ။ အနိုင်မခံ အရှုံးမပေး တွန်းလှန်ကြရန်သာဖြစ်၏။ အခြားနည်းလမ်းမရှိ။

ထို့ကြောင့် တိုင်းပြည်နိုင်ငံကို ကာကွယ်ရသော တပ်မတော်သည် အရေအတွက်ရော အရည်အချင်းပါ ခိုင်မာအားကောင်းရမည်ဖြစ်၏။ တပ်မတော်ကို ကောင်းမွန်ခိုင်မာအောင် ဦးဆောင် ကြရသည်လည်း စွမ်းရည်မြင့်မားစွာ လေ့ကျင့်ပျိုးထောင်ထားရမှာဖြစ်ပါ၏။ ဉာဏ်ရည် ဉာဏ်သွေး သာမန်ထက် ဉာဏ်ကောင်းသူ၊ ဉာဏ်တော်သူများကိုသာ ရွေးချယ်တာဝန်ပေးရမည်ဖြစ်ပါ၏။

တိုင်းပြည်၏ ဘေးကင်းလုံခြုံမှုကိုသာမက မိမိနိုင်ငံတော်ရှင်သန်ရပ်တည်နိုင်စေရန် အဘက်ဘက်မှ ကျရာတာဝန် ပါဝင်ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်တို့သည် သူတို့ဆောင်ရွက်ရမည့် တာဝန်အမျိုးအစားအတွက် သီးသန့် အထုံပါရမီ(Aptitude) ပါလျှင် ပို၍ကောင်းပါသည်။ ထို့ထက် ပိုမိုအရေးကြီးစွာ လိုအပ်သောအရာမှာ ခံယူချက်သဘောထားအမြင်(Attitude) ဖြစ်နေပါသည်။ ခံယူချက်သဘောထားအမြင်ဖြစ်သော တို့တာဝန်အရေးသုံးပါးတွင် ခိုင်မာလျှင် ခိုင်မာသလောက်၊ စွဲမြဲလျှင်စွဲမြဲသလောက် သူ၏စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍ မြင့်မားခြင်း(Altitude) အာတီကျူသည်လည်း မြင့်မားမည်ဖြစ်လေသည်။

ချင့်ချိန်နှိုင်းဆစရာ အခြေခံကိန်း သုံးခု၏ ဆက်နွယ်မှုကို တင်ပြခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | အခန်းကဏ္ဍမြင့်မားခြင်း | Altitude |
| ၂။ | အထုံ၊ ပါရမီ၊ ပင်ကိုစွမ်းရည် | Aptitude |
| ၃။ | ခံယူချက်၊ သဘောထား | Attitude |

ပင်ကိုစွမ်းရည်ပါရမီနှင့် ယုံကြည်ချက်၊ ခံယူချက်သဘောထား ကောင်းမွန်မြင့်မားသော လူငယ်များ မျိုးဆက်သစ်များကို အားသစ်မွေးကာ ပျိုးထောင်ကြရမည် ဖြစ်ပါသည်။ ခံယူချက်ရှိကြစေရန် ပေါင်းသင်၊ ရေလောင်း၊ မြေဆီကျွေးကြရပေမည်။ ။

> "တိုင်းပြည်၏ ဘေးကင်းလုံခြုံမှုကိုသာမက မိမိနိုင်ငံတော်ရှင်သန်ရပ်တည်နိုင်စေရန် အဘက်ဘက်မှ ကျရာတာဝန် ပါဝင်ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်တို့သည် သူတို့ဆောင်ရွက်ရမည့် တာဝန်အမျိုးအစားအတွက် သီးသန့် အထုံပါရမီ(Aptitude) ပါလျှင် ပို၍ကောင်းပါသည်။ ထို့ထက် ပိုမိုအရေးကြီးစွာ လိုအပ်သောအရာမှာ ခံယူချက်သဘောထားအမြင်(Attitude) ဖြစ်နေပါသည်။ ခံယူချက်သဘောထားအမြင်ဖြစ်သော တို့တာဝန်အရေးသုံးပါးတွင် ခိုင်မာလျှင် ခိုင်မာသလောက်၊ စွဲမြဲလျှင်စွဲမြဲသလောက် သူ၏စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍ မြင့်မားခြင်း(Altitude) အာတီကျူသည်လည်း မြင့်မားမည်"



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်းဆုရ "ဝ" စေတီတော်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တောင်းဆုရ "ဝ"စေတီတော်၊ ညီတော်ဘုရားလိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် "မဟာဗောဓိရုက္ခသိဋ္ဌနပူဇာ" ဂါထာတော်အား ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုများသည် တောင်းဆုရ "ဝ"စေတီတော်ပရဝဏ်အတွင်းရှိ "မဟာဗောဓိ" ညောင်ပင်အနီးတွင် ညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြကာ သတ်မှတ်ထားသည့်နေရာများမှ အဖွဲ့လိုက် "မဟာဗောဓိ" ညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၁၄**

နေပြည်တော်ကောင်စီမှ ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီးပရဝဏ်အတွင်း အနောက်မြောက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန်ပန်ကြားသည့် မဟာဗောဓိ ရုက္ခသိဋ္ဌနပူဇာဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်ထားသည့် နေရာများအလိုက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး မဟာဗောဓိညောင်ပင်အား လက်ယာရစ်လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တောင်ကြီးမြို့၌ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

**တောင်ကြီး မေ ၁၄**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့)တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးရှိ ပရိဘောဂစေတီခေါ် မဟာဗောဓိပင်၌ ကျင်းပသည်။



**ရွတ်ပွားပူဇော်**

အခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဩဃ်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ဂုဏ်ပြုပူဇော် မင်္ဂလာကဗျာကို ဝတ်အသင်းများက သံပြိုင်ညီညာ ရွတ်ပွားပူဇော်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဗောဓိညောင်ခြေပလ္လင်ဗွေ၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပေးကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝတ်အသင်းများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပေးကြသည်။

**ထည့်ဝင်လှူဒါန်း**

ဆက်လက်၍ ဓမ္မပါလပရဟိတအသင်းမှ ဦးကျော်စိုးက ပရိသတ်ကိုယ်စား ပတ္တာနုမောဒနာဂါထာတော်ဖြင့် ဗောဓိညောင်ရေသွန်းလောင်းမှု အကြောင်းပြု၍ ကောင်းမှုအဖို့ဘာဂကို လူ၊ နတ်ဗြဟ္မာသတ္တဝါတို့အား အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပြီးမြောက်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက စူဠာမုနိဘုရားအား ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်ပေးကြပြီး ဘုရားအတွင်း လက်ယာရစ်ပူဇော်ကြကာ ဘုရားအတွက် အလှူငွေကျပ်တစ်သိန်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# ရွှေကျင်မြို့နယ်၌ ကဆုန်ညောင်ရေသွန်းပွဲ စည်ကားစွာ ကျင်းပ

**ရွှေကျင် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ သမိုင်းဝင် မွေတော်မွန်ဓိရာဇ်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်တွင် ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှစ၍ ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သမိုင်းဝင်မွေတော်မွန်ဓိရာဇ်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်တွင် ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် အဖွဲ့ဝင်များ၊ ဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ ဓမ္မစကြာအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ရပ်ဝေး/ရပ်နီးမှပြည်သူများက ဘုရားဖူးကုသိုလ်ယူကာ အေးချမ်းပျော်ရွှင်စွာဖြင့် မွေတော်မွန်ဓိရာဇ်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်ဝင်းအတွင်းရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြပြီး ရွှေကျင်မြို့နယ်အတွင်းရှိ သမိုင်းဝင်ရွှေတောင်ဦးစေတီတော်နှင့် တံခွန်တိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဗောဓိညောင်ပင်များတွင်လည်း ဒေသခံပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Anutin Charnvirakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

နေပြည်တော် မေ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် မေ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း ယနေ့နံနက် ဒေသစံတော်ချိန် ၁၁ နာရီခန့်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Anutin Charnvirakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် CORAD HOTEL Bali Lagoon Room(1)၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း အောက်ဆီဂျင် အခက်အခဲဖြစ်နေချိန်၌ နယ်စပ်ဒေသများမှတစ်ဆင့် Liquid Oxygen နှင့် Oxygen Tanks များရရှိရေး ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး AstraZeneca တစ်သန်း Doses မြန်မာနိုင်ငံသို့ လှူဒါန်းခဲ့မှုနှင့် RT PCR ဓာတ်ခွဲပစ္စည်းများ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ လှူဒါန်းပေးမှုအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြား၍ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် နှစ်နိုင်ငံပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးကိစ္စ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ငွေကြေးကုန်ကျမှုသက်သာစေရေးအတွက် ထိုင်းနိုင်ငံ၏ အတွေ့အကြုံများကို လေ့လာနိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကိစ္စ၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံလှူဒါန်းလိုသည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စံပြမြစိမ်းရောင် ခရိုင်၊ မြို့နယ်နှင့်ကျေးရွာဆုများ ပေးအပ်ချီးမြှင့်

ပဲခူး မေ ၁၄

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စံပြမြစိမ်းရောင်ကျေးရွာ ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။




## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်မှုများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စံပြမြစိမ်းရောင် အကောင်းဆုံး ခရိုင်ဆုရ ပြည်ခရိုင်၊ အကောင်းဆုံးမြို့နယ်ဆုရ နတ်တလင်းမြို့နယ်နှင့် အကောင်းဆုံးစံပြကျေးရွာဆုရ သနပ်ပင်မြို့နယ် ဖရဲကျေးရွာတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုများအသီးသီးပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် GIS နှင့် အင်ဂျင်နီယာစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ခင်းကျင်းပြသထားရှိမှုများနှင့် ရွှေ့လျားရေသန့်စင်စက်မှ ရေသန့်စင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

## ဆောင်ရွက်နိုင်ခဲ့

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ၁၆ လမ်း၊ တံတား ၂၃ စင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၃၇ ခု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ၁၁ လမ်း၊ တံတား ၁၁ စင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၆၅ ခု၊ မီးလင်းရေးလုပ်ငန်း ၃၉၈ ခု၊ ဆိုလာစိုက်ပျိုးရေရရှိရေး လုပ်ငန်း ကိုးခုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀ ယူနစ် ၂၀ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ၁၁၄ ရွာ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၄၁ ကြိမ်၊ Smart Village ကျေးရွာသုံးရွာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Golden Shine Garment Assessment Center ၌ အထည်ချုပ်လုပ်သားများ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဆောင်ရွက်နေမှုနှင့် ဖိနပ်ချုပ်စက်ရုံသို့ ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အထည်ချုပ်လုပ်ငန်း အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်လုပ်ငန်း ဆောင်ရွက်နေသော ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ Golden Shine Garment Assessment Center သို့ ရောက်ရှိစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အထည်ချုပ်လုပ်ငန်းသည် လုပ်သားအခြေပြုလုပ်ငန်းဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်ကြောင်း၊ အထည်ချုပ်လုပ်သားအားလုံး NSSA အသိအမှတ်ပြုလက်မှတ် ရယူထားခြင်းဖြင့် စိတ်ဓာတ်ခွန်အား ရရှိစေပြီး ကုန်ထုတ်စွမ်းအား မြှင့်မားရေးအတွက် မောင်းနှင်အားဖြစ်ကာ အရည်အသွေးမီ အထည်များ ချုပ်လုပ်ပေးခြင်းဖြင့် စက်ရုံ၏ ဂုဏ်သိက္ခာကို မြှင့်မားစေ၍ ကုန်အပ်နှံမှု ပိုမိုရရှိခြင်းဖြင့် အလုပ်သမားများ၏ ဝင်ငွေ မြှင့်မားစေပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးရှိသဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်မှု ခံယူနေသည့် လုပ်သားများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လုပ်သားအင်အား ၆၆၀ ရှိသည့် SEO HO အထည်ချုပ်စက်ရုံနှင့် လုပ်သားအင်အား ၆၃၆၀ ရှိသည့် Mila Garden ဖိနပ်ချုပ်စက်ရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်အကျိုးပြုနေသည်ကို ကောင်းစွာနားလည်သဘောပေါက်ရန် လိုကြောင်း၊ ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့် အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်သမားရေးရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ကောင်းစွာသိရှိ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာများနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ စေတီများတွင် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် မေ ၁၄**

ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

**ဆက်ကပ်လှူဒါန်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၃၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီမှ စတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ညှော်ခံတန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် စိန်ရောင်ခြည် ဘုရားပင့်ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ ပြုလုပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၃၉)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ ကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့် မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဩဝါဒါစရိယဆရာတော်ကြီးများက ပရိဘောဂစေတီ(မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိက ဗောဒိရုက္ခဥဒကပူဇာမင်္ဂလာကို လျှောက်ထားသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကဓရ၊ တိပိဋက ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ညှော်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယနေ့တွင် စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် ဆံတော်ရှင် ဆူးလေစေတီတော် ဂေါပကအဖွဲ့များက ကြီးမှူးကျင်းပသည့် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားများကို သက်ဆိုင်ရာစေတီတော်များ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက မဟာဗောဓိညောင်ပင်များ၌ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့ပြင် ဆဠသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်နှင့် ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်တို့၌လည်း သက်ဆိုင်ရာစေတီတော်ဂေါပကအဖွဲ့များကကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋီတိုက်ရင်ပြင်တော်ရှိ သီရိလင်္ကာနိုင်ငံ၏ ဓမ္မပဏ္ဏာတော်အဖြစ် စိုက်ပျိုးပူဇော်ထားသော မဟာဗောဓိညောင်ပင်၌ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ ဦးဆောင်မှုဖြင့် မေ ၁၄ ရက်(ကဆုန်လပြည့်နေ့)က ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပသည်ကို တွေ့ရစဉ်။ ဉာဏ်ဟိန်း

## သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု ညောင်ရေသွန်းပွဲကျင်းပ

**သာယာဝတီ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ယနေ့(ကဆုန်လပြည့်) နံနက် ၈ နာရီက ညောင်ရေသွန်းပွဲတော် ကျင်းပခဲ့သည်။



ညောင်ရေ သွန်းလောင်းရာတွင် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မင်္ဂလာအုတ်ကျောင်းတိုက်အတွင်းရှိ ဗောဓိရွှေညောင်ပင်၊ ဖားကူးကျောင်းတိုက်အတွင်းရှိ ဗောဓိရွှေညောင်ပင်၊ လောကမာန်အောင်ဘုရားအတွင်းရှိ ဗောဓိရွှေညောင်ပင် တို့အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ဆီမီးကပ်လှူခြင်းနှင့် ညောင်ရေ သွန်းလောင်းခြင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

❐ ကျောဖုံးမှ

အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေးသည် အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေး (၄၅)နှစ်ပြည့် အထိမ်းအမှတ် ပူးတွဲကျင်းပခြင်းဖြစ်ပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် ပြင်ပဆက်ဆံရေးတွင် စုစည်းညီညွတ်မှုကို အားကောင်းလာစေရန်၊ အာဆီယံနှင့် အမေရိကန်အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးတက်စေရန် ကျင်းပခြင်းဖြစ်ကြောင်း မှတ်သားထားပါသည်။

အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်ကိုသိရှိရပြီး အဆိုပါပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အထူးပြုထည့်သွင်းဖော်ပြထားသည့် စာပိုဒ်ပါရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာပိုဒ်ကို ထည့်သွင်းခြင်းမပြုရန် တောင်းဆိုခဲ့သော်လည်း အာဆီယံ၏ တူညီဆန္ဒမပါရှိဘဲ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုစာပိုဒ်တွင်ပါရှိသည့် အသုံးအနှုန်းများသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံကို သမာသမတ်ကျသည့်နည်းဖြင့် ချဉ်းကပ်မှုမရှိခြင်းကို အထင်အရှား တွေ့ရှိရသည်။ ထို့အပြင် အချို့အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအတွင်းရှိခြင်း၊ ၂၀၂၁ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သည့် အာဆီယံခေါင်းဆောင်များအစည်းအဝေးတွင် သဘောတူညီခဲ့သည့် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်ပါ အချက်များထက် ကျော်လွန်နေသော တောင်းဆိုချက်များပါဝင်နေခြင်းကို တွေ့ရှိရသည်။

အာဆီယံ၏ ထုတ်ပြန်ကြေညာချက်များတွင် နိုင်ငံတစ်နိုင်ငံ၏ ကိစ္စရပ်ကို နိုင်ငံအလိုက် အထူးပြုထည့်သွင်းဖော်ပြခြင်း မပြုသင့်ကြောင်းကို မြန်မာနိုင်ငံအနေဖြင့် အစဉ်တစိုက် ရပ်တည်ထားရှိပြီး အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အာဆီယံတူညီဆန္ဒမပါရှိဘဲ ထုတ်ပြန်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမှ စာပိုဒ်အမှတ် ၂၆ ကို ပြတ်သားစွာပယ်ချပြီး ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။

ထို့အပြင် မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များနှင့် တရားမဝင်အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသားညီညွတ်ရေးအစိုးရဆိုသည့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဆိုသူများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဝါရှင်တန်၌ တွေ့ဆုံခဲ့ခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာ ကန့်ကွက်သည်။

မြန်မာနိုင်ငံအနေဖြင့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများသည် တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အုပ်စုများ ဖြစ်ကြောင်းနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ထင်ရှားစွာကျူးလွန်လျက်ရှိကြောင်း နိုင်ငံတကာသို့ ရှင်းလင်းစွာ အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပါ တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် ကန့်ကွက်စာများလည်း ပေးပို့ခဲ့ပြီးဖြစ်သည်။

တရားမဝင်အဖွဲ့များ၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) ဆိုသူများနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများကို အားပေးရာရောက်နိုင်သည့်အပြင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတကာနှင့် ဒေသတွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေးသဘောတူညီချက်များကို ချိုးဖောက်ရာရောက်စေကြောင်း ဖော်ပြအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ထိတွေ့ဆက်ဆံခြင်းနှင့် အားပေးပံ့ပိုးခြင်းများ မပြုလုပ်ကြရန် ထပ်လောင်းတောင်းဆိုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်**

# (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မေ ၁၄**

(၁၅)ကြိမ်မြောက်အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး(15th ASEAN HEALTH MINISTERS MEETING) ကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ရှိ CONRAD HOTEL BARLI တွင် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။




အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများအချင်းချင်း ချစ်ကြည်စည်းလုံးစွာဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ သာမက ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်မှုများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အရှေ့တောင်အာရှဒေသတွင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းဖြစ်သည့် ASEAN Vaccine Security and Self Reliance (AVSSR) နှင့် ကပ်ရောဂါတုံ့ပြန်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးနိုင်ရေး test kits များ၊ personal protective equipment များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူနိုင်ရန်နှင့် ကာကွယ်ဆေးနှင့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်သည့် COVID-19 ASEAN Response Fund တို့ကို ဒေသတွင်းနိုင်ငံများ ပူးပေါင်းလုပ်ဆောင်ခြင်းကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း၊ ကပ်ရောဂါအား တုံ့ပြန်ရာတွင် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ အရေးပါသည့်အတွက် ၎င်းတို့စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပေးခြင်းများ၊ လုံလောက်သော ထောက်ပံ့ခြင်းများကို အလေးထား လုပ်ဆောင်သင့်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများကြောင့် အာဆီယံနိုင်ငံအသီးသီးတွင်လည်း နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများရှိသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နောင်လာမည့်ကပ်ရောဂါများအတွက် ကျန်းမာရေးစနစ်ခိုင်မာအောင် ပြင်ဆင်ထားရန်တို့မှာ အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုများ လစ်ဟင်းပြတ်တောက်မှုမရှိစေဘဲ စောင့်ရှောက်ကုသမှုများ ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်နှင့် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားဆောင်ရွက်မှုများ ပုံမှန်ပြုလုပ်ရေး အစရှိသည်တို့ပါ ဆောင်ရွက်စေခြင်းဖြင့် ရောဂါပိုးများ ကာကွယ်နိုင်စွမ်းနှင့် ခုခံနိုင်စွမ်းများ တိုးမြှင့်နိုင်ရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် ကပ်ရောဂါများအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း၍ ကျန်းမာရေးစနစ်ခိုင်မာစေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနေ့ နံနက်ပိုင်းတွင် CONRAD HOTEL BARLI ၌ 15th ASEAN HEALTH MINISTERS MEETING RETREAT ကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး မှတ်တမ်းများကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲအသုံးပြု၍ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အသိအမှတ်ပြုရေး၊ ASEAN Single Digital COVID-19 Health Certificates Verification Portal အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ အရှေ့တောင်အာရှဒေသတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဗဟိုဌာနဖွင့်လှစ်နိုင်ရေး၊ ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ခိုင်မာသော ကျန်းမာရေးစနစ် ထူထောင်နိုင်ရေး အစရှိသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးခဲ့ကြသည့် အစည်းအဝေး (Preparatory Senior Officials Meeting for the 15th ASEAN Health Ministers Meeting) အစီရင်ခံစာနှင့် အကြံပြုချက်များကို အတည်ပြုခြင်း၊ (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ကြပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ လက်ထောက်အတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

■

## မော်လမြိုင်ကျွန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မော်လမြိုင်ကျွန်း မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက လူငယ်များ ပေါင်းသင်းဆက်ဆံရေးနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် အောင်မြင်သောဘဝကိုတက်လှမ်းနိုင်ရေး စာပေဖတ်ရှုလေ့လာခြင်းဆိုင်ရာအချက်များကို လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းမိုးလှိုင်က လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အားကစားပြုလုပ်ခြင်းအကြောင်းကိုလည်းကောင်း၊ Book Club အဖွဲ့ဝင် ဦးခင်မောင်ထွန်းက ကျန်းမာခြင်းနှင့်ကိုယ်လက်လှုပ်ရှား ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။ **အောင်အောင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကို ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရန် ကြိုတင်ပြင်ဆင်နေကြလေပြီ။

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် သမိုင်းဝင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လေးနှစ်လျှင်တစ်ကြိမ် ညီလာခံ ကျင်းပရသည့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပနိုင်ခဲ့သည်။ ညီလာခံတစ်ခုနှင့်တစ်ခုအကြား နှစ်နှစ်လျှင်တစ်ကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပရမည်ဖြစ်ရာ ပထမအကြိမ်ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို အသင်းဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပနိုင်ရန် စီစဉ်ထားသော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အခက်အခဲ အကျပ်အတည်း မျိုးစုံနှင့် ကြုံတွေ့ခဲ့ကြရပြီး လုပ်ငန်းစဉ်များအားလုံးကို မလွှဲမရှောင်သာဘဲ ရပ်ဆိုင်းခဲ့ကြရသည်။

ယခုအခါ ကိုဗစ်ရောဂါအခြေအနေ အေးငြိမ်းသွားသောကြောင့် အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခွင့် ရှိလာသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို အားသစ်မွေးကြိုးစားပြီး ကျင်းပနိုင်ရန် စီစဉ်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ မူလဘူတအခြေခံမှာ "စာပေလုပ်သားအဖွဲ့" ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်း နောက်ပိုင်းတွင် စာပေလုပ်သားအဖွဲ့ကို အခြေခံပြီး ပြင်ဆင်ဖွဲ့စည်းခဲ့သော "စာပေနှင့်စာနယ်ဇင်းအဖွဲ့" ပေါ်ပေါက်လာခဲ့ပါသည်။ ဒီမိုကရေစီခေတ်သို့ ကူးပြောင်းလာသောအခါ ခေတ်စနစ်နှင့်အညီ "မြန်မာနိုင်ငံ စာရေးဆရာအသင်း"ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

## စာရေးဆရာများအသင်း

မြန်မာနိုင်ငံစာရေးဆရာအသင်းဟူသော ဝေါဟာရကို ၂၀၁၂ ခုနှစ်ကျမှ သုံးစွဲခဲ့ခြင်းဖြစ်သော်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံစာရေးဆရာအသင်း" (စာရေးဆရာများအသင်း)ကို ၁၉၄၀-၄၁ ခုနှစ်က ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းစဉ်ကတည်းက စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။

စာရေးဆရာများအသင်းကို ၁၉၄၀-၄၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒီးဒုတ်ဦးဘချို၊ ၁၉၄၃-၄၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိမ်းမောင်၊ ၁၉၄၅-၄၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဂျာနယ်ကျော် ဦးချစ်မောင်၊ ၁၉၄၆-၄၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၄၇-၄၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဆရာမြို့မမောင်၊ ၁၉၄၈-၄၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် မဟာဆွေ၊ ၁၉၄၉-၅၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးတင့်ဆွေ၊ ၁၉၅၀ ပြည့်နှစ်တွင် ဆရာမကြီး ဂျာနယ်ကျော်မမလေး၊ ၁၉၅၀-၅၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်တာရာ၊ ၁၉၅၁-၅၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရွှေပိန်သောင်း၊ ၁၉၅၂-၅၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၅၄-၅၅ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးထင်ဖတ်(ဆရာမောင်ထင်)၊ ၁၉၅၅-၅၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၅၆-၅၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၅၈-၅၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၆၁-၆၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၆၂-၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်ဘဆွေ၊ ၂၂ နှစ်အတွင်း အသင်းဥက္ကဋ္ဌ ၁၄ ဦး အလှည့်ကျ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ "၁၉၅၇-၅၈ ခုနှစ်တွင် စာရေးဆရာအသင်း၏နာယကများမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဝန်ကြီးချုပ်ဦးနု" တို့ ဖြစ်ကြသည်။

ထိုသို့တာဝန်ထမ်းဆောင်ခဲ့ကြရာတွင် စာဆိုတော်နေ့ အထိမ်းအမှတ်များအဖြစ် ဝိဇယပြဇာတ်၊ ဦးပေါ်ဦးပြဇာတ်၊ ခုံတော်မောင်ကျဘမ်းပြဇာတ်၊ ဝေသာလီပြဇာတ်၊ ဝန်ဇင်းမင်းရာဇာပြဇာတ်၊ နတ်ရှင်နောင်ပြဇာတ်၊ မြဝတီမင်းကြီးဦးစပြဇာတ်၊ မောင်ဖေငယ်ပြဇာတ်၊ လှိုင်ထိပ်ခေါင်တင်ပြဇာတ်၊ ဦးပုညပြဇာတ်၊ လက်ဝဲသုန္ဒရပြဇာတ်၊ စာရေးဆရာ မောင်ဒေါနပြဇာတ်၊ နဝဒေးပြဇာတ်၊ ရှင်နှောင်းပြဇာတ် စသည်ဖြင့် ပြဇာတ်စုစုပေါင်း ၁၄ ပုဒ်၊ ကပွဲပဒေသာများ၊ တစ်ခန်းရပ်ပြဇာတ်များ၊ စကားရည်လုပွဲများ၊ စာပေဟောပြောပွဲများ၊ စာဆိုတော်နေ့အခမ်းအနားများကို နှစ်စဉ်မပျက် လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် "စာရေးဆရာ လစဉ်စာစောင်" အမှတ်(၁)ကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာပြည်စာရေးဆရာများအသင်းက ထုတ်ဝေခဲ့သည်။ စာစောင်ကို အမှတ်စဉ် (၁) မှ (၉) အထိ ထုတ်ဝေခဲ့ရာတွင် စာရေးဆရာများ၏ ဝတ္ထု၊ ဆောင်းပါးများ၊ သတင်းများ၊ ကဗျာများ၊ အသင်း၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံဥပဒေများကို ဖော်ပြခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် "စာပေ"မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် "စာရေးဆရာအသင်း၏ နှစ်ပတ်လည်စာစောင်"နှင့် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် "စာရေးဆရာစာစောင်"ထုတ်ဝေခဲ့သည်။

## စာပေလုပ်သားအဖွဲ့

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပါလီမန်ဒီမိုကရေစီခေတ်က စာရေးဆရာများအသင်း ပျက်ပြယ်ပျောက်ကွယ်သွားခဲ့ပြီး "စာပေလုပ်သားအဖွဲ့ကြီး" ပေါ်ပေါက်လာခဲ့ပါသည်။ တော်လှန်ရေးကောင်စီ၊ ပြန်ကြားရေးဝန်ကြီးဌာနက ၁၁-၁၂-၁၉၆၆ ရက်နေ့တွင် "ဆရာကြီး ဦးဝန်(မင်းသုဝဏ်)" ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ" ကို ဖွဲ့စည်းပေးခဲ့ပြီး ၁-၆-၁၉၇၆ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးထိန်လင်း (ဗိုလ်တထောင်) (၁၉၇၆-၇၉) နှင့် ဦးအုန်းဖေ (ဆရာတက်တိုး) (၁၉၇၉) တို့ ဦးဆောင်သော "စာပေလုပ်သားစည်းရုံးရေးကော်မတီ" ကို ဖွဲ့စည်းပေးခဲ့သည်။ စာပေလုပ်သားစည်းရုံးရေးကော်မတီ(ဗဟို)က မြို့နယ်အဆင့်များကို ဆက်လက်ဖွဲ့စည်းစေခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဦးထွန်းတင် (ဆရာမန်းတင်) ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "စာပေလုပ်သားညီလာခံ စည်းရုံးရေးကော်မတီ"ကို ဖွဲ့စည်းကာ ၁-၃-၁၉၈၀ ရက်နေ့တွင် "ပထမအကြိမ် စာပေလုပ်သားညီလာခံ"ကို ကျင်းပခဲ့ရာ ဦးထွန်းတင် (ဆရာမန်းတင်)ကိုပင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ "ဒုတိယအကြိမ် စာပေလုပ်သားညီလာခံ"ကို ၃-၄-၁၉၈၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းဖေ (ဆရာမြဇင်)၊ "တတိယအကြိမ်စာပေလုပ်သားညီလာခံ"ကို ၃၁-၃-၁၉၈၈ ရက်နေ့တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်အေး (ဆရာခင်မောင်အေး-မန္တလေး) (၁၉၈၈-၈၉) စသည်ဖြင့် တာဝန်ပေးအပ်ခဲ့ကြသည်။

စာပေလုပ်သားအဖွဲ့လက်ထက်တွင် "စာပေလုပ်သားမဂ္ဂဇင်း" ကို လစဉ်ထုတ်ဝေနိုင်ခဲ့သည့်အပြင် "စာပေလုပ်သား သတင်းဂျာနယ်" ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။ နိုင်ငံအနှံ့အပြားတွင် စာပေဟောပြောပွဲများကို ကျင်းပနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ဖွဲ့စည်းပုံဥပဒေသစ်ပြဋ္ဌာန်းပွဲများတွင် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများတွင် စာပေဟောပြောပွဲများနှင့် တေးသရုပ်ဖော်ပွဲများဖြင့် ပါဝင်ကူညီခဲ့ကြသည်။

> **မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်းကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး" (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၂ အထိ ၅၆ နှစ် စုစုပေါင်း ၇၈ နှစ်သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည် ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့လေပြီ**

## စာပေနှင့်စာနယ်ဇင်းအဖွဲ့

၁၉၈၈ ခုနှစ်အရေးအခင်းအပြီး တပ်မတော်အစိုးရလက်ထက်တွင် စာပေလုပ်သားအဖွဲ့ကြီး၏ အမွေကိုဆက်ခံသော "မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့" ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၁-၁၀-၁၉၈၈ ရက်နေ့တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရာ ၂၇-၁၀-၁၉၈၉ ရက်နေ့တွင် တရားဝင်ဖွဲ့စည်းခွင့်ရခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့် (ထီလာစစ်သူ) က ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီး ၂၉-၁၂-၁၉၉၃ ရက်နေ့တွင် ကျင်းပခဲ့သော "စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံ" က ဥက္ကဋ္ဌအဖြစ် ဦးမျိုးသန့် (ဆရာမောင်ဆုရှင်)၊ ၂၂-၆-၁၉၉၈ ရက်နေ့တွင် ကျင်းပသော "ဒုတိယအကြိမ် ညီလာခံ"က ဥက္ကဋ္ဌအဖြစ် ဦးကျော်အောင် (ဆရာကျော်အောင်)၊ ၂၁-၂-၂၀၀၀ ရက်နေ့တွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာ ကိုဆောင်း)၊ ၂၈-၆-၂၀၀၂ ရက်နေ့တွင် ကျင်းပခဲ့သော "တတိယအကြိမ်ညီလာခံ"၊ ၁၇-၅-၂၀၀၆ ရက်နေ့တွင် ကျင်းပခဲ့သော "စတုတ္ထအကြိမ်ညီလာခံ" များက ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာကိုဆောင်း)၊ ၉-၅-၂၀၁၀ ရက်နေ့တွင် ကျင်းပခဲ့သော "ပဉ္စမအကြိမ်ညီလာခံ"က ဥက္ကဋ္ဌအဖြစ် ဦးတင်ခ(ဆရာတက္ကသိုလ်တင်ခ)၊ ဦးတင်ခ တာဝန်တစ်ခုအရ နုတ်ထွက်သွားသဖြင့် ဥက္ကဋ္ဌအဖြစ် ဦးတင်လှိုင်(ဆရာ လယ်တွင်းသားစောချစ်)တို့က တာဝန်ထမ်းဆောင်ခဲ့ကြသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ သက်တမ်းတစ်ဝက်နှစ်နှစ်ခန့်အကြာတွင် ခေတ်စနစ်နှင့်အညီ စာရေးဆရာအလွှာ၊ သတင်းစာဆရာအလွှာ၊ ပုံနှိပ်ထုတ်ဝေသူအလွှာဟူ၍ အလွှာသုံးလွှာ ဖွဲ့စည်းရန် ဆုံးဖြတ်ပြီး ၂၄-၃-၂၀၁၂ ရက်နေ့တွင် အရေးပေါ် ညီလာခံ ခေါ်ယူကာ "စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ" ကို ဖွဲ့စည်းခဲ့သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့သက်တမ်းတွင် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာဖတ်ရှုနိမြင့်တင်ရေးပွဲများ၊ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲများ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများ၊ စာပေဆုချီးမြှင့်ပွဲများကို ကျင်းပနိုင်ခဲ့သည်။

## မြန်မာနိုင်ငံစာရေးဆရာအသင်း

စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အခြေခံကာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီက ၁၆-၆-၂၀၁၂ ရက်နေ့တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံ" ကို ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် စည်သူဦးတင်လှိုင် (ဆရာလယ်တွင်းသားစောချစ်) ဦးဆောင်သော အမှုဆောင် ၃၅ ဦး ပါဝင်သည့် "မြန်မာနိုင်ငံ စာရေးဆရာအသင်း" ကို စာပေသမိုင်းဝင် ဖွဲ့စည်းနိုင်ခဲ့သည်။ **စာမျက်နှာ ၁၂ သို့ ◆**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ **အခမဲ့ထောက်ပံ့မှုများမှာ**

**(က) သူငယ်တန်း (KG) သင်ရိုးသစ်**

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ကျောင်းဝတ်စုံ(၁)စုံ

**(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ခဲတံ ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

**(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ကာယပညာ ၈။ အနုပညာ(ပန်းချီ) ၉။ အနုပညာ(ဂီတ) ၁၀။ ဗလာစာအုပ် ၁၁။ ခဲတံ ၁၂။ ကျောင်းဝတ်စုံ(၁)စုံ

**(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ည) အဋ္ဌမတန်း (Grade 9) သင်ရိုးဟောင်း**

၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး (ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် ၁၁။ ဘောပင် ၁၂။ ခဲတံ

**(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ

**(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ

**မှတ်ချက်။ ကျောင်းဝတ်စုံအား ပညာသင်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။**

---

◆ **စာမျက်နှာ ၁၁ မှ**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အသင်းဝင်များအဖြစ် ပါဝင်ခွင့်ပြုခဲ့သည့်အပြင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များကိုလည်း မြို့နယ်စာရေးဆရာအသင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စဉ်ကာလက အင်အား ၈၂၈၀ ရှိခဲ့သော်လည်း သတင်းစာဆရာအသင်း၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအသင်း စသည့်အသင်းနှစ်သင်းက သီးခြားဖွဲ့စည်းထားပြီးဖြစ်ရာ အင်အားထက်ဝက်ခန့် လျော့နည်းသွားခဲ့သည်။ သို့သော် စာပေလောကသားများ၏အကျိုးကို ဦးတည်၍ဖွဲ့စည်းထားကြသော အခြားမဟာမိတ်စာပေအသင်းအဖွဲ့များ၊ သမဂ္ဂများထဲတွင် နှစ်ပေါင်းရှည်ကြာ သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၌ ၂၀၁၆ ခုနှစ်က မြို့နယ်အသင်းပေါင်း ၁၉၆ သင်း၊ အသင်းဝင်ပေါင်း ၄၄၃၀ အထိ တိုးပွားလာရာ အားတက်ဂုဏ်ယူစရာလည်း ကောင်းမွန်ခဲ့သည်။

ယခု မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် မြို့နယ်အသင်းပေါင်း ၂၀၂ သင်းနှင့် အသင်းဝင်ပေါင်း ၅၀၀၀ ကျော်ရှိသဖြင့် အင်အားတောင့်တင်းခိုင်မာနေဆဲဖြစ်ရာ အားရဝမ်းသာ ပီတိဖြာနေကြရပါသည်။

၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)သည် ကျန်းမာရေးအခြေအနေအရ အနားယူသွားသောကြောင့် ဥက္ကဋ္ဌအဖြစ် ဦးကျော်ဝင်း (မနုဿကျော်ဝင်း) ဆက်လက်အရွေးခံတာဝန်ယူခဲ့ပါသည်။ ဦးကျော်ဝင်းသည် ၂၂-၃-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် ၂၅-၃-၂၀၂၂ ရက်နေ့တွင် ဒေါ်ချိုချိုတင် (မစန္ဒာ) အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။

ဒုတိယအကြိမ်ညီလာခံသက်တမ်း လေးနှစ်ကာလအတွင်းတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကာလက ဆောင်ရွက်ခဲ့သော အကျိုးပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ခဲ့ပါသည်။ ထူးခြားချက်အနေဖြင့် စာရေးဆရာအသင်းကြီးက ဦးဆောင်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးခဲ့ကာ ဆုချီးမြှင့်ခြင်း၊ စာရေးဆရာအသင်းအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ စာရေးနည်းသင်တန်းဆင်းများက စုပေါင်း၍ စာအုပ်များထုတ်ဝေခြင်း၊ နိုင်ငံတကာစာပေနှင့် မြန်မာစာပေ အပြန်အလှန်ဖလှယ်ကြခြင်း၊ နိုင်ငံတကာကဗျာရွတ်ဆိုပွဲများ၊ စာပေနှင့်အထွေထွေသုတေသနစာတမ်းဖတ်ပွဲများ၊ လေ့လာရေးခရီးများအတွက် ဤအသင်းကြီးမှ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်အသင်းဝင်များ သွားရောက်လေ့လာစာတမ်းဖတ်ကြား ကဗျာများရွတ်ဆိုခဲ့ကြခြင်း၊ မဲခေါ်စာပေဆုနှင့်အရှေ့တောင်အာရှစာပေဆုများရရှိခြင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် မဲခေါ်စာပေ ဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံစာရေးဆရာအသင်းက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်း၊ ဂျပန်ရှန်တီကလေးစာပေဆုချီးမြှင့်ပွဲများ၊ ကလေးစာပေ အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းကျင်းပပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်မှုများတွင် ပါဝင်လှူဒါန်းခြင်း၊ ရှေ့တန်းရောက် တပ်မတော်သားများနှင့် အသက်စွန့်သွားသူများအတွက် လှူဒါန်းခြင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အခြားအသင်းအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကစာပေ၊ စာမူပြိုင်ပွဲများတွင် စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များအဖြစ် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည့်အပြင် ပခုက္ကူစာမူဆုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို တာဝန်ယူကျင်းပပေးခြင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းတွင် အမှုဆောင်များအဖြစ် ပါဝင်ဆောင်ရွက်နေသည့်အပြင် စာကြည့်တိုက်မှူးများ ညီလာခံ၌ စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ သတင်းမီဒီယာစာတမ်းဖတ်ပွဲတွင် ပါဝင်စာတမ်းဖတ်ကြားတင်သွင်းခြင်း၊ ဗဟိုအသင်းရုံးတွင်လည်း စာပေ၊ ဂီတ၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ၂၀၁၇ စာပေညီလာခံအပါအဝင် ဝတ္ထုတိုနှင့် ဧရာဝတီစာပေပွဲတော် အထိမ်းအမှတ်ပွဲများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြခြင်း၊ စာမဖတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဗဟိုနှင့် မြို့နယ်အသင်းများက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပူးတွဲပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆင့်ဆင့်၏ ကူညီပံ့ပိုးမှုဖြင့် စဉ်ဆက်မပြတ် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြခြင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် အမှုဆောင်ကော်မတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်း စသည်ဖြင့် ကြိုးပမ်းထမ်းရွက်ခဲ့ကြသည်။

### တတိယအကြိမ် ညီလာခံ

ယခုကျင်းပတော့မည့် “မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ” တွင် ညီလာခံသက်တမ်းလေးနှစ်ကာလအတွင်း ဗဟိုအမှုဆောင်ကော်မတီက ဆောင်ရွက်နိုင်ခဲ့သမျှကို တင်ပြအစီရင်ခံရမည်ဖြစ်ရာ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက အပြုသဘော ဝေဖန်ဆွေးနွေး အကြံပေးကြရပေလိမ့်မည်။ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အတည်ပြုပေးကြပေလိမ့်မည်။ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် ဗဟိုအမှုဆောင်ကော်မတီဝင်များကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ပေးကြရပေလိမ့်မည်။

သို့သော် ကိုဗစ်ကပ်ရောဂါကာလအတွင်း အခြေအနေအရပ်ရပ်၊ အကြောင်းအမျိုးမျိုးကြောင့် တတိယအကြိမ်ညီလာခံကို မူလသတ်မှတ်ကာလအတွင်း မကျင်းပနိုင်ခဲ့သောကြောင့် အချို့ညီလာခံကိုယ်စားလှယ်များမှာ အထွေထွေရောဂါများကြောင့် ကွယ်လွန်သွားကြပြီး အချို့ကျန်းမာရေးအခြေအနေကြောင့် အနားယူသွားကြခြင်း၊ အချို့နေရပ်ပြောင်းရွှေ့သွားကြခြင်း စသည်တို့ကြောင့် လစ်လပ်သွားသော ညီလာခံကိုယ်စားလှယ်များနှင့် မြို့နယ်အသင်းအမှုဆောင်လစ်လပ်နေမှုများကို ပြန်လည်အစားထိုး ရွေးချယ်နေကြရသည်။

မြို့နယ်အသင်းများအနေဖြင့် အစားထိုးရွေးချယ်ပြီးပါက မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အစားထိုးရွေးချယ်ခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်များစာရင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) သို့ အမြန်ဆက်သွယ်ပေးပို့ကြရန် အသင်းဗဟိုကလည်း လှို့ဆော်ပေးလျက်ရှိနေပါသည်။ ညီလာခံကိုယ်စားလှယ်များစာရင်း ပြည့်စုံနိုင်သမျှ ပြည့်စုံပါမှ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်က လုပ်ငန်းစဉ်များ ချောမွေ့အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ကောင်းမွန်ခဲ့သော အစဉ်အလာကောင်းကိုလည်း ဆက်လက်မြှင့်တင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်းကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော “မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး” (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၂ အထိ ၅၆ နှစ် စုစုပေါင်း ၇၈ နှစ်သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့လေပြီ။

သို့ဖြစ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များအနေဖြင့် “အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်” **WE SHALL UPLIFT PRIDE OF HERITAGE AND LITERATURE** ဟူသော အသင်းကြီး၏ ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ကြကာ သမိုင်းအစဉ်အလာကောင်းခဲ့ကြသော “နှလုံးရည်တပ်သားကောင်းများ” ပီပီ စာပေအကျိုးနှင့်ပြည်သူ့အကျိုးကို အားသစ်လောင်း သယ်ပိုးထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို ရှေးရှုကာ တက်ညီလက်ညီကြိုးပမ်းထမ်းရွက် ပါဝင်ဆင်နွှဲကြပါစို့ဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

# မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါလက္ခဏာတွေ့ရှိသူ တစ်သိန်းခုနစ်သောင်းကျော် ထပ်မံတွေ့ရှိ

ပြုံယမ်း မေ ၁၄

မြောက်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတွေ့ရှိခဲ့ပြီးနောက် ယမန်နေ့တွင် အဖျားရောဂါလက္ခဏာတွေ့ရှိသူ ၁၇၄၄၀၀ ထပ်မံတွေ့ရှိခဲ့ပြီး ၂၁ ဦး ထပ်မံသေဆုံးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက အတည်ပြုပြောကြားခဲ့ရာ ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယနေ့တွင် ပြုလုပ်ခဲ့သည့် လက်ရှိအာဏာရပါတီ၏ နိုင်ငံရေးဗျူရိုအစည်းအဝေးတွင် အဆိုပါကူးစက်ရောဂါနှင့်စပ်လျဉ်း၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း အာဏာရအလုပ်သမားပါတီသတင်းစာ ရိုဒန်ဆင်မွမ်က သတင်းဖော်ပြခဲ့သည်။

အဆိုပါသတင်းစာ၏ ဖော်ပြချက်အရ မြောက်ကိုရီးယားနိုင်ငံ၌ ဧပြီလနှောင်းပိုင်းမှစတင်ကာ မေ ၁၃ ရက်အထိ ကာလအတွင်း အဖျားရောဂါလက္ခဏာတွေ့ရှိသူ စုစုပေါင်း ၅၂၄၄၀၀ ရှိလာကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံ၌ လူဦးရေ ၂၅ ဒသမ ၇၈ သန်းခန့်ရှိကြောင်း သိရသည်။

လက်ရှိတွင် မြောက်ကိုရီးယားနိုင်ငံ၌ လူပေါင်း ၂၈၀၀၀၀ ကျော်သည် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ၂၇ ဦးသေဆုံးခဲ့ကြောင်း အဆိုပါသတင်း စာတွင် ရေးသားဖော်ပြထားသည်။ မေ ၁၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံ၏ နေ့စဉ်အဖျားရောဂါလက္ခဏာ တွေ့ရှိသူအရေအတွက်သည် မေ ၁၂ ရက်က တွေ့ရှိသူအရေအတွက်ထက် ကိုးဆကျော်ရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်



# အိန္ဒိယနိုင်ငံ၌ အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွား၊ အနည်းဆုံး ၂၇ ဦးသေဆုံး

နယူးဒေလီ မေ ၁၄

အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီ၌ သုံးထပ်စီးပွားရေးအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၇ ဦး သေဆုံးပြီး ၁၂ ဦးမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြကြောင်း ထိပ်တန်းရဲအရာရှိ ရှာမာက ယနေ့ပြောကြားသည်။

အဆိုပါအဆောက်အအုံသည် မွန့်ဒ်ကာမြေအောက်မီးရထားဘူတာရုံအနီးတွင် တည်ရှိပြီး မီးလောင်မှုသည် မေ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် CCTV ကင်မရာများနှင့် router များထုတ်လုပ်သည့် ကုမ္ပဏီရုံးတည်ရှိရာ အဆောက်အအုံ၏ ပထမထပ်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းကို မေ ၁၄ ရက် နံနက်ပိုင်းအထိ လုပ်ဆောင်ခဲ့ရပြီး ဒဏ်ရာရရှိသူများအား ဂန္ဒီအထိမ်းအမှတ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

မြို့တော် နယူးဒေလီတွင် ကြေကွဲဖွယ် မီးလောင်မှုကြောင့် အသက်ဆုံးရှုံးရသည့်အတွက် အလွန်ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဒဏ်ရာရရှိသူများလည်း အမြန်ဆုံးပြန်လည်ကျန်းမာစေချင်ပါကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၎င်း၏လူမှုမီဒီယာ၌ ရေးသားဖော်ပြခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၅၈၁ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၁၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၅၈၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၇၅၆၆၂၇ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၃၆၆၁ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းသို့မဟုတ် ၄၄၅၆၁၈၄၇ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၂၂၁၆၉၄ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၈ ဦးထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၁၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၅၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၁၉၁၁၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၂၀၁ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၀၉၆ ဦးရှိပြီး ယမန်နေ့ကထက် ၅၀၈ ဦးလျော့နည်းလာကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၅ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားသူပေါင်း ၄၂၅၇၆၈၁၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

■

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၂၉ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၁၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၂၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၄၇၃၅၀၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၅၆၀၇ ဦးရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၁၁၁၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၀၉၁၅၉ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၈၇၃၄ ဦးရှိပြီး ယင်းတို့အနက် ၄၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၃ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၄ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ကာ ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# ကုလသမဂ္ဂအဖွဲ့က မြောက်ကိုရီးယားနိုင်ငံအား ဆေးဝါးကုသမှုပေးရန် အဆင်သင့်ဖြစ်

ကုလသမဂ္ဂ မေ ၁၄

ကုလသမဂ္ဂအဖွဲ့က ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ရင်ဆိုင်နေရသည့် မြောက်ကိုရီးယားနိုင်ငံအား ဆေးဝါးထောက်ပံ့မှုများပေးရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ယမန်နေ့တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများနှင့် သေဆုံးသူများရှိလာသည်ကို ကြားသိရသည့်အတွက် လိုအပ်သည့် ဆေးဝါးထောက်ပံ့မှုများကို ပေးပို့ရန် အဆင်သင့်ရှိပါကြောင်း ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခေါင်းဆောင်ကင်ဂျုံအန်က နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးစည်းမျဉ်းများ ချမှတ်ရန် တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဧပြီလနှောင်းပိုင်းမှစပြီး မေ ၁၃ ရက်အထိ ဖျားနာမှုဝေဒနာခံစားရသူပေါင်း ၅၂၄၄၄၀ ရှိပြီး ၂၇ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် တစ်ဦးသည် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ တောင်ငူမြို့သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်၌ ခရီးသည် ဝန်စည်များနှင့် ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ အလှကုန်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော အဝတ်အထည်နှင့် လက်ကိုင်အိတ်များ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၉၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် ဒီဇယ်နှင့် ချက်ဆီသန့် ၁၅၇၅ ဂါလန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀)**ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် အင်ခွဲသား ၅ ဒသမ ၈၀၆၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၁၇၂)** ကို သစ်တောဥပဒေအရ လည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် အလှကုန်ပစ္စည်းများကို တွေ့ရစဉ်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ဘိုင်းဒါးကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းခွဲသားနှင့် ပျဉ်းကတိုးခွဲသား ၁၈ ဒသမ ၂၁၄၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၂၉၈၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ (၆)မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၆၃၁၅၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# မြိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် မြိတ်မြို့နယ်မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာ အောင်သုခရပ် အေးရိပ်မွန်လမ်းတွင် ဝေယံလင်း(ခ)ရှိုင်းဝေယံကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ၊ အိုက်စ် သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး နံနက် ၇ နာရီတွင် အဆိုပါနေရာ၌ပင် မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်သူ ဇေယျာဖြိုး(ခ)ဖြူတုံးကို ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၈ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာ ချောင်းကူးငယ်ရပ် ငြိမ်းချမ်းရေး (၃)လမ်းနေ တင်ကိုကို(ခ) နောင်ပျော့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၅-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၁၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၁၀ တရုတ်ကာတွန်း 'ဂိုကုံးစွန့်စားခန်း' (အပိုင်း-၉)
၀၉:၅၀ SEA Games Vietnam (Highlights)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၄၀ 'ဝေလီရာဝေ' တေးဂီတဖျော်ဖြေပွဲ
၁၁:၄၅ အသိပညာနှင့်အမှန်တရား 'အသက်ရှင်ရခြင်း၏အဓိပ္ပါယ်'
၁၃:၀၀ MRTV National News
၁၃:၃၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'မြူးအလှပိုင်ရှင်' (ရန်အောင်၊ မင်းဝေ၊ ဇင်မာဦး)
၁၇:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၁၇:၄၅ ပေါ့ပါးပျော်ရွှင်ဖို့ရည် အားလပ်ရက်ကိုပွဲသိ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၀ SEA Games Vietnam (Highlights)
၁၈:၄၀ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ
၂၁:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း 'လိမ်ပြောတတ်လားဟင့်အင်း'

**mitv**

07:02 Evergreen Classic: An Da Yel Kin (Htar)
07:10 Lucrative Myanma Rattan Industry
07:28 Great Shwedagon - The Ten Traditional Arts & Crafts
07:51 Mote Sein Paung from Intaing Village
08:01 Clam Farming
08:17 Today Myanmar: Famous Ywangan Coffee and the Coffee Growers
08:27 Thin Byu Mat
08:35 Faith & Worship (Part-2)
09:01 News
09:26 Global Partnership for Brighter Future: Algeria Pavilion at Expo 2020 Dubai
09:32 Healthy Diet: Detox Water
09:41 Tour around Kyaukse

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သခွားစိုက်ပျိုးနည်း
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** ဆီးချိုရောဂါအတွက် စားပေးသင့်သော သစ်သီးများ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** တောင်ယာတဲဆောက်ခြင်းနှင့် ပေါင်းမြက်ရှင်းခြင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆေးပေါက်ဝင်ဗေဒါပင်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပွိုင့်ကမ်းခြေသို့ အလည်သွားကြမယ်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရှမ်းတောင်ရဲ့ မိုးဒေါ်ပွဲနှင့် မီးရှူးလွှတ်ရိုးရာ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ချစ်ရမွှက်မီး (အပိုင်း-၂) (ဇာတ်လမ်း)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဝိုင်းမော်အထင်ကရနေရာသို့ သွားလည်ကြမယ်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** စားချင်စဖွယ် တို့ရိုးရာဟင်း
**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၆)

**MRTV NEWS**

၀၄:၅၅ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ 31st SEA Games Highlight
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၁၅ တန်ဖိုးမြှင့်ထုတ်ကုန် ဖွဲ့နွဲ့သီအစွမ်း

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ Election Korea -1
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ သုတဝေစည်တောင်သူဆီ 'ကြယ်ပဲ'
၀၇:၅၀ စားပိုဆောင်သုံးဆေးဂမုန်း
၀၈:၅၀ အလည်တစ်ခေါက်အရောက်သွားမည် တောင်သူ့စိုက်ခင်းဆီ
၀၉:၂၀ ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ
၀၉:၄၀ ရလဒ်ကောင်းများရရှိရေး သီးနှံအတွဲများစိုက်ကာပေး

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြိုင်သာယာစံပြကျေးရွာနေ အောင်ခန့်သူ ၃၄ နှစ်သည် ၎င်းအသုံးပြုသည့် “Aung Khant Thu” Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ချမ်းသာရပ်ကွက်နေ အာကာဟိန်း(ခ) ဂျက်လီ ၂၁ နှစ်သည် ၎င်းအသုံးပြုသည့် “Jet Li” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်း ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာအရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သဗ္ဗညုစေတီထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရမည်းသင်း မေ ၁၄**

ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာ ရတနာဇေယျာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယ(သာသနဒ္ဓဇဓမ္မာစရိယ)နှင့် အင်တိုင်းကျေးရွာ ဒါယကာ/ဒါယိကာမ အပေါင်းတို့က ရွာဦးထိပ်၌ အမြင့် ၄၅ ပေ တည်ထားကိုးကွယ်ပူဇော်အပ်သော သဗ္ဗညုစေတီတော်မြတ်ကြီး ရွှေထီးတော်လှူခြင်းအခမ်းအနားကို ကဆုန်လပြည့်နေ့ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဘုရားအမှူးရှိသော ပင့်သံဃာ ၅၄ ပါးတို့အား ဆွမ်းဘောဇဉ် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး စိန်ဖူးတော်နှင့် ရွှေထီးတော်မြတ်ဘုံအဆင့်လိုက် အလှူ့ဒါယကာ ဒါယိကာမများက ဆရာတော်ဘဒ္ဒန္တသူရိယထံ ကပ်လှူပူဇော်ကြသည်။ ဆရာတော်က အင်တိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးသန်းလွင်အား ဘုရားစိန်ဖူးတော်ကို ဦးဆောင်ပင့်ဆောင်စေပြီး အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်များနှင့် အရံစေတီရွှေထီးတော်များပင့်ဆောင်ကာ ဘုရားကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်သည်။ မင်္ဂလာအချိန်တွင် ဘုရားစိန်ဖူးတော်နှင့် ရွှေထီးတော်တို့အား ပန်းရထားဖြင့် ပင့်ဆောင်တင်လှူပူဇော်ပြီး ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း မင်္ဂလာပြုလုပ်ကာ ဘုရားရွှေထီးတော်တင်လှူပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် မေ ၁၄**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် နိယတဗျာဒိတ် ခံယူသည့်နေ့၊ ဂေါတမ ဘုရားအလောင်းတော် ဖွားမြင်သည့်နေ့၊ ဂေါတမဘုရား အလောင်းတော် ဘုရားဖြစ်သည့်နေ့၊ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သည့်နေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်၍ နှစ်စဉ်ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ(နေပြည်တော်)၊ မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ ရန်အောင်ချမ်းသာဘုရား၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်၊ သံသရာငြိမ်းအေး စေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ ကိုးနဝင်းစေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူး လာရောက်ကြသူများသည် ဘုရားဖူး၍ တရားဘာဝနာပွားများခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားနာယူခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။



ဓာတုစယဓာတ်ပေါင်းစုစေတီတော်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ဝမ်းသာပီတိဖြစ်

နေပြည်တော်ရှိ ဗုဒ္ဓဂယာသို့ ဘုရားဖူးလာရောက်သည့် မသွန်းရတီဖြိုးက "ကဆုန်လပြည့်နေ့က ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့အတွက်ကြောင့် သူငယ်ချင်းတွေနဲ့အတူ လာရောက်ဖူးမြော်တာပါ။ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့ အိန္ဒိယနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာမှာရှိတဲ့ သတ္တသတ္တာဟ နေရာတွေကို သွားရောက် မဖူးမြော်နိုင်ပေမယ့်လည်း နေပြည်တော်မှာရှိတဲ့ ဗုဒ္ဓဂယာက သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)ကို ဖူးမြော်လိုက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိသလို ထူးခြားတဲ့ခံစားမှုမျိုး ခံစားရပါတယ်။ လာရောက်ဖူးမြော်ကြတဲ့ လူတိုင်းလည်း ဒီလိုခံစားရမယ်လို့ ထင်ပါတယ်။ ပြည်တွင်း၊ ပြည်ပမှာရှိကြတဲ့ မြန်မာပြည်သူ၊ ပြည်သားများ အားလုံး ကပ်ကြီးသုံးပါးကို ကျော်လွှားပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောသည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများနှင့် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ မင်္ဂလာကန်တော်တို့တွင်လည်း အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင်လည်း မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်မဟာဗောဓိပင်တော်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေ ကပ်လှူပူဇော်ကြသူများ၊ ဝတ်ရွတ် ပူဇော်ကြသူများ၊ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိသည်။



ဗုဒ္ဓဂယာ(နေပြည်တော်)တွင် ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ကဆုန်လပြည့်နေ့တွင် ဘုရားဖူး လာရောက်ကြသူများကို ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။ **သတင်း-လုလင်ငယ်**
**ဓာတ်ပုံ-ကိုထိန်အေး**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများဖြင့် မန္တလေးမြို့အနှံ့ အထူးစည်ကား

**မန္တလေး မေ ၁၄**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ ပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ ကုသိုလ်ရှင်များက ဆရာတော်၊သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းစသည့် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

## စည်ကားလျက်ရှိ

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရဝဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။



ထို့ပြင် မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ချမ်းသာကြီးဘုရား၊ ချမ်းသာရာဘုရား၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်နှင့် အောင်တော်မူမြတ်စွာဘုရားတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များ လှူဒါန်းတိုက်ကျွေးကြသည်။

အလားတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်နှင့် မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့နယ်ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် ဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကော့သောင်းမြို့၌ ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပ

**ကော့သောင်း မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အား ရိုးရာအစဉ်အလာမပျက် ကျင်းပရာ ယနေ့နံနက်ပိုင်းက မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော်ပရဝဏ်အတွင်းရှိ ဗုဒ္ဓဂယာမှ ပင့်ဆောင်ခဲ့သည့်ဗောဓိပင်အား ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ဗုဒ္ဓဘာသာဝင်ပြည်သူများ စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အား ကျင်းပရာတွင် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မျိုးသန့်၊ ကော့သောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဥပါသကာများ၊ ဂေါပကအဖွဲ့များက ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များခြံရံလျက် သွန်းလောင်းပူဇော်မည့် ညောင်ရေအိုးများဖြင့် စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြကာ စေတီတော်ပရဝဏ်အတွင်း စိုက်ပျိုးထားသည့် ဗောဓိပင်အား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ခြင်း မဟာမင်္ဂလာပြုလုပ်စဉ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်စဉ်။

# မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်

**နေပြည်တော် မေ ၁၄**

သာသနာတော်နှစ် ၂၅၆၆ နှစ်အထိမ်းအမှတ် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး ၁၀၂၆၄ ပါးတို့အား ဆွမ်းနှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်းပြုလုပ်ကြရာ မန္တလေးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇနပီယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်း ဆရာတော်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒ ထံမှ အနုမောဒနာ ရေစက်ချတရား နာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

**အနုမောဒနာတရားနာယူ**

အလားတူ ကျုံး(အရှေ့ပြင်)၊ (အနောက်ပြင်)၊ (မြောက်ပြင်) မင်္ဂလာမဏ္ဍပ်များတွင်လည်း ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ ပရိတ်တရားတော်များ နာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး ၁၀၂၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲကို ဆက်လက်ပြုလုပ်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာ မန္တလေးကျုံး လေးပြင်လေးရပ်၌ ကျုံးတစ်ဖက်လျှင် သံဃာတော် အပါး ၂၅၆၆ ပါးစီဖြင့် ကျုံးလေးဖက်ရှိ သံဃာတော် စုစုပေါင်း ၁၀၂၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို သဒ္ဓါတရား ထက်သန်စွာဖြင့် ကြည်ညိုဖွယ်ရာ လောင်းလှူကြသည်။

**လှူဒါန်းငွေကျပ် ၈၅၀၀၀၂၅၆၀**

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် ၁၀၂၆၄ ပါးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များက လှူဒါန်းငွေကျပ် ၂၃၂၁၅၇၁၈၀၀၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၆၁၇၈၄၅၃၈၀၀ စုစုပေါင်း ငွေကျပ် ၈၅၀၀၀၂၅၆၀ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ မြို့နယ် ၂၀ မြို့နယ်၌ သံဃာတော် ၁၀၈ ပါးစီဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့၌ ဆရာတော်၊ သံဃာတော်အပါး ၃၀၀ ကျော်စီဖြင့်လည်းကောင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ဆွမ်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်မြို့၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ ဗိမာန်၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြုလုပ်သည့် တိုင်းဒေသကြီးအတွင်းရှိသီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ပဲများ ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အစရှိသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်း**

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ကျောင်းတိုက်ပေါင်း ၈၇၈၂ ကျောင်းတိုက်တွင် သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၈၅၉၄ ပါးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများမှ ဆွမ်းဆန်တော် ၈၀၉၉ အိတ်၊ ဆီ ၂၄၂၉၇ ပိဿာ၊ ဆား ၈၇၈၂ ပိဿာ၊ ပဲ ၂၄၂၉၇ ပိဿာတို့အားလှူဒါန်းခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၄၈၅၉၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့)အား ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ညနေ ၄ နာရီတွင် ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက အခမ်းအနားအစီအစဉ်များအတိုင်း သတ်မှတ်နေရာများတွင် နေရာယူ၍ ဗောဓိပင်များအား ကဆုန်ညောင်ရေ သွန်းလောင်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မိုင်းရယ်မြို့၌ ကဆုန်ညောင်ရေသွန်းခြင်းနှင့် ရိုးရာဓလေ့အလှူပွဲများ ကျင်းပ

**မိုင်းရယ် မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့တွင် မေ ၁၄ ရက် နံနက်ပိုင်းက ရိုးရာဓလေ့ အလှူပွဲများ ကျင်းပခဲ့သည်။

မိုင်းရယ်မြို့ ရပ်ကွက်(၂)ရှိ သီရိမင်္ဂလာစွမ်ဆိုင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ တည်ထား ကိုးကွယ်လျက်ရှိသည့် စေတီတော်အားထီးတော် တင်ခြင်းမင်္ဂလာကို ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခဲ့သည်။

ထို့နောက် မိုင်းရယ်မြို့ ဆုတောင်းပြည့်မဟာဗောဓိ ရွှေစေတီနှင့် ဘုရားကိုးဆူဝင်းအတွင်းရှိ မဟာဗောဓိ ညောင်ပင်အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများက ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ် တပ်ဖွဲ့များက ဘုရားဝင်းအတွင်း သန့်ရှင်းရေးကို ပူးပေါင်းကုသိုလ်ယူဆောင်နွှဲခဲ့ကြောင်း သိရသည်။

ခင်မာလာ(ပြန်/ဆက်)



# မဟာမြတ်မုနိဘုရား ရောင်တော်ဖွင့်ပွဲနှင့် ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**မော်လမြိုင် မေ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့် မဟာမြတ်မုနိဘုရားကြီး သွန်းလောင်းတော်မူသော (၁၁၈) နှစ်မြောက် ရက်မြတ်မင်္ဂလာ ရောင်တော်ဖွင့် ပူဇော်ပွဲအခမ်းအနားကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် ကျင်းပသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မဟာမြတ်မုနိဘုရားကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော် ကန်တော့ပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်က မျက်နှာသုတ်ပဝါအား ရှင်တော်မြတ်ဘုရားထံ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ကျိုက်သလွံ စေတီတော်ရှိ မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်၍ ညောင်ရေ သွန်းလောင်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မကွေးမြို့ မြသလွန်ဘုရားရင်ပြင်တော်၌ သံဃာတော် ၁၆၁ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းပွဲကျင်းပ

**မကွေး မေ ၁၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်နေ့တွင် မကွေးမြို့ မြသလွန် ဘုရားရင်ပြင်တော်တွင် မကွေးမြို့ရှိဘုန်းတော်ကြီးကျောင်းများမှသံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ညောင်ရေသွန်းလောင်း ကုသိုလ်ပြုခြင်းကို ယနေ့နံနက် ၇ နာရီက မကွေးမြို့ မြသလွန်ဘုရားရင်ပြင်တွင် ကျင်းပသည်။

**ကုသိုလ်ပြု**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက မကွေးမြို့ မြသလွန်ဘုရားရှိ မဟာအတုလရံသီ တန်ဆောင်းတွင် သံဃာတော် ၁၆၁ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူခြင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး မကွေးမြို့ မြသလွန်ဘုရားရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းကုသိုလ်ပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများနှင့် ဘုရားဖူးလာပြည်သူများအား မြန်မာ့ရိုးရာမုန့်များဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲများ လှူဒါန်း

**ဖျာပုံ မေ ၁၄**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဖျာပုံမြို့နယ် အတွင်းရှိ ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများတွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၂၉၇၉ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ဖျာပုံမြို့ ရတနာ့သိဒ္ဓိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ဖျာပုံမြို့ တိုက်သစ်ကျောင်း ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်မြတ်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ သာသနာရေးဆိုင်ရာလျှောက်ထားလွှာအား ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက လျှောက်ထားသည်။ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သံဃာတော်အရှင်မြတ်များထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဖျာပုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၀၈ ကျောင်းအတွက် ဆွမ်းဆန်တော် ၄၉၆ အိတ်၊ ဆီ ၁၄၈၉ ပိဿာ၊ ဆား ၇၄၄ ပိဿာနှင့် ပဲ ၁၄၈၉ ပိဿာ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၀၇၉၀၀၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။ ၀၂၇

# ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ကဆုန်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်း

**ရန်ကုန် မေ ၁၄**

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ကဆုန်လပြည့်နေ့ကို "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်၊ မြတ်နိဗ္ဗာန်" ဟူ၍ အမှတ်အသားပြုကြပြီး ယင်းကို အားလုံးပေါင်းစု၍ "ကဆုန်လပြည့်(ဗုဒ္ဓနေ့)"ဟု သတ်မှတ်မှုပြုကာ မြတ်ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ မြတ်ဗုဒ္ဓ၏ ကိုယ်ပွားပရိဘောဂစေတီထိုက်သော ဗောဓိပင်တွင် ရေစင်ရေအေးသွန်းလောင်း ကုသိုလ်ပြုကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ဘုရားဖူးပြည်သူများဖြင့် ယနေ့နံနက်မှစ၍ စည်ကားလျက်ရှိသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းများကပ်လှူပူဇော်ခြင်း၊ ဘုရားကျောင်းကန် ပတ်ဝန်းကျင်ကို သန့်ရှင်းရေးပြုလုပ်ကြခြင်း၊ တည်ငြိမ်အေးချမ်းစွာဖြင့် တရားဘာဝနာ ရှုမှတ်ခြင်း၊ ရေသပ္ပာယ်ခြင်းနှင့် ငှက်လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများအား အလှူရှင်များက ကဆုန်ညောင်ရေသွန်းလောင်းနိုင်ရန် စီစဉ်ထားရှိပေးပြီး သီတင်းသီလဆောက်တည်မည့် ဥပုသ်သည်များနှင့် ဘုရားဖူးလာပြည်သူများအတွက် စတုဒိသာအလှူများ၊ ရေခဲမုန့်လှူဒါန်းမှုများပြုသည့် အပြင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဟန်စုယဉ်**



# ညောင်လေးပင်မြို့၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပ

**ညောင်လေးပင် မေ ၁၄**

၁၃၈၄ ခုနှစ် ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ယနေ့ ညနေ ၄ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက် မဟာတိလောကသယမ္ဘူ ဘုရားကြီးဝင်းအတွင်းရှိ ဗောဓိညောင်ပင်၌ ကျင်းပသည်။

ကဆုန်ညောင်ရေသွန်းလောင်းရာတွင် ညောင်လေးပင်မြို့ ရပ်ကွက်ငါးခုမှ ပရိတ်အဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းကြပြီး ကျောက်တော်ကြီးဘုရားအား ပရိတ်၊ ပဋ္ဌာန်းဒေသနာများ ရွတ်ပွားပူဇော်ကာ မေတ္တာပို့အမျှပေးဝေ၍ ကုသိုလ်ကောင်းမှုများ ပြုကြသည်။

ကဆုန်ညောင်ရေသွန်းလောင်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများမှ အသင်းဝင်များက ကဆုန်ညောင်ရေသွန်းပွဲတော်ကို စဉ်လာမပျက် ကျင်းပကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တောင်ကုတ်မြို့နယ် မအီမြို့ရှိ ရတနာ့မာရ်အောင်ဓမ္မရိပ်သာ၌ တည်ထားကိုးကွယ်တော်မူသည့် အံတော်စေတီအထက်ဌာပနာပိတ်ပွဲနှင့် မြောက်ဦးဆရာတော်အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာပြုလုပ်



နေပြည်တော် မေ ၁၄

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ရှိ ရတနာ့မာန်အောင်ဓမ္မရိပ်သာ၌ တည်ထားကိုးကွယ်တော်မူသည့် အံတော်စေတီအထက်ဌာပနာပိတ်ပွဲနှင့် နိုင်ငံတော်မှ ဆက်ကပ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရတနာ့မာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ နာယကချုပ် မြောက်ဦးဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဝနဝါသီ ဘဒ္ဒန္တဝါယာမိန္ဒ အား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဓမ္မရိပ်သာ၌ ပြုလုပ်ရာ မြောက်ဦးဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြောက်ဦးဆရာတော် အမှူးပြုသော သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဌာပနာတော်များအား ပင့်ဆောင်၍ အံတော်စေတီအထက်ဌာပနာအတွင်းသို့ ထည့်သွင်းပူဇော်ကြသည်။ ထို့နောက် မြောက်ဦးဆရာတော်က အနေကဇာတိသံသာရံ အစရှိသော ဥဒါန်းဂါထာတော်ကို လည်းကောင်း၊ ဓမ္မစရိယ တက္ကသိုလ်နာယကချုပ်(စစ်တွေ) ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသက ဘုရားရောင်ခြည်တော်ဖွင့် ဂါထာကိုလည်းကောင်း ရွတ်ပွားပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်မှဆက်ကပ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြောက်ဦးဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မစရိယတက္ကသိုလ်နာယကချုပ်(စစ်တွေ)ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကာ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရမည်းသင်းမြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရမည်းသင်း မေ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ တပ်မတော်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့(ကဆုန်လပြည့်နေ့) မွန်းလွဲ ၃ နာရီတွင် ရမည်းသင်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သိမ်ကုန်းမုဋ္ဌလိန္ဒာ စာသင်တိုက်တို့မှ သံဃာအပါး ၄၅၀ ဆွမ်းဆန်စိမ်း အလှူခံကြွတော်မူရာ ရမည်းသင်းတပ်နယ်မှူး အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ် တပ်မှူး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်တော်၊ ဖျော်ရည်၊ ဆီ၊ လှူဖွယ်အစုစုနှင့် နဝကမ္မဝတ္ထုငွေတို့ကို သဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

# သာစည်မြို့၌ သံဃာတော် ၁၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူပူဇော်ပွဲအခမ်းအနား ကျင်းပ



သာစည် မေ ၁၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သံဃာတော် ၁၀၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့(ကဆုန်လပြည့်နေ့) နံနက် ၅ နာရီခွဲက အမှတ်(၆)ရပ်ကွက်သာယာကုန်းကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကြွရောက်လာသော ဆရာတော်သံဃာတော် ၁၀၈ ပါးတို့အား မုန့်ဟင်းခါးဖြင့် အရုဏ်ဆွမ်းဆက်ကပ်သည်။ ထို့နောက် နံနက် ၆ နာရီတွင် ဆရာတော်သံဃာတော် ၁၀၈ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များကဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဝင်များနှင့် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မေ ၁၄ ရက် နံနက် ၉ နာရီတွင် ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက်အတွင်းရှိ ဗောဓိရွှေညောင်ပင်အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ဆီမီးကပ်လှူခြင်းနှင့် ညောင်ရေသွန်းလောင်းခြင်း ကုသိုလ်ကောင်းမှုများပြုလုပ်ကြစဉ်။ ကိုမင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း မေ ၁၄ ရက် (ကဆုန်လပြည့်နေ့)တွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီးကပ်လှူခြင်းနှင့် ညောင်ရေသွန်းလောင်းခြင်း ကုသိုလ်ကောင်းမှုများပြုလုပ်ကြစဉ်။

နိုင်လင်းအောင်(တာမွေ)

ဝတ္ထုတို

## လင်းလက်ကြယ်(လက်ပံလှ)




**အခန်း (၁)**

အမေ ဆွဲခေါ်တော့ မလိုက်ချင်လည်း လိုက်ခဲ့ရတယ်။ အဘွားတို့အိမ်ကို ယွန်းယွန်းမလိုက်ချင်။ နေလည်း မနေချင်။ ဖြစ်နိုင်ရင် အိမ်မှာပဲ ယွန်းယွန်းနေချင်တာ။ ဒါပေမဲ့ တစ်ယောက်တည်း ဆိုတော့ မနေရဲဘူး။ အရင်လို အဖေရှိရင်တော့ အကောင်းသားလို့ ယွန်းယွန်းတွေးလိုက်မိတယ်။ အမေကတော့ သူခရီးသွားတဲ့နောက်ကို လိုက်ချင်လို့ အခုလိုလုပ်နေတာလို့ ထင်နေတာ။ ယွန်းယွန်းရဲ့ အခက်အခဲနဲ့ ခံစားချက်ကိုတော့ နားမလည်ခဲ့ဘူး။ အဲဒါကြောင့်လည်း အမေခရီးထွက်တဲ့ နေ့တွေဆိုရင် ယွန်းယွန်းရဲ့ ကလန်ကဆန် လုပ်ရပ်တွေကြောင့် အမေရဲ့ဒေါသတွေနဲ့အတူ အရိုက်ခံခဲ့ရတယ်။ ယွန်းယွန်းဘက်က အမေ့ကို ဘယ်လောက်အတိုက်အခံလုပ်ပြီး ကလန်ကဆန်လုပ်လုပ် အမေထားတဲ့ဆီပဲ နေခဲ့ရတာပဲ။ ဒီနေ့လည်း အမေရဲ့ ဆန္ဒအတိုင်း အမေခရီးထွက်တဲ့ နေ့ရက်တိုင်းမှာ အဘွားအိမ်မှာ ယွန်းယွန်းနေရဦးမှာ။

**အခန်း (၂)**

"အမေ......အမေ........."

"ဟဲ့.........ဘယ်သူလဲ"

အိမ်ထဲကနေ အဘွားက ထူးပြီးမေးလိုက်တယ်။

"သမီး ခင်စီပါ။ သမီးခရီးထွက်တော့မှာမို့ အမေ့မြေးကိုထားခဲ့ဦးမယ်"

အမေက အဘွားကို ပြောပြောဖြေဖြေ ဖြေလိုက်တယ်။ ပြီးတော့၊ ယွန်းယွန်းကို လက်ဆွဲပြီး အဘွားတို့ရှိရာ အိမ်ထဲက ဧည့်ခန်းထဲကို ဝင်ထိုင်လိုက်တယ်။

"အေးအေး......ထားခဲ့လေ"

အဘွားကထားခဲ့လို ဆိုပေမယ့် အဘွားဘေးမှာ ထိုင်နေတဲ့ အန်တီဝေရဲ့မျက်နှာမဲ့သွားတာကိုတော့ ယွန်းယွန်းမြင်လိုက်တယ်။ အမေကတော့ အဘွားနဲ့စကားတွေ ပြောလို့၊ အန်တီဝေရဲ့သား ကိုကိုရှိုင်းဝေကတော့ ယွန်းယွန်းကို လျှာထုတ်ပြောင်ပြနေတာ။ သူ့ကိုမကြည့်ဘဲ ယွန်းယွန်း မျက်နှာလွှဲနေလိုက်တယ်။

"ကလေးထားခဲ့လည်း ပိုက်ဆံလေး နည်းနည်းပါးပါးတော့ ပေးခဲ့ဦး။ နင်တို့က အမေ မပြောရင် မပြောသလိုဘဲ"

"အေးပါ အစ်မရယ် ငါလည်း သွားတိုင်း သမီးအတွက် ပေးခဲ့ပါတယ်။ အရင်တစ်ခေါက်က မပေးခဲ့တာကလည်း တကယ် အဆင်မပြေလို့ပါ"

အန်တီဝေ့ကို အမေကပြောပြီး သူ့အိတ်ကပ်ထဲကနေ အဘွားကို ပိုက်ဆံထုတ်ပေးလိုက်တယ်။ ယွန်းယွန်းကိုလည်း လိမ်လိမ်မာမာနေဖို့နဲ့ အဘွားစကားနားထောင်ဖို့၊ ကိုကိုရှိုင်းဝေနဲ့ တည့်အောင်နေဖို့ မှာပြီး အမေထွက်သွားခဲ့တယ်။ အမေထွက်သွားတဲ့နောက်ကို လိုက်ကြည့်ရင်း ယွန်းယွန်းငိုနေခဲ့တယ်။

**အခန်း (၃)**

"မေမေရေ......ယွန်းယွန်းက သားကို လိုက်လုပ်တယ်"

"အီး......ဟီး........."

"ဟဲ့......ယွန်းယွန်း... ကောင်မ ငါ့သားကို ဘာလို့ လိုက်လုပ်တာလဲ"

အဘွားအိမ်မှာ နေတာကြာလာတော့ ကိုကိုရှိုင်းဝေနဲ့ဖြစ်တဲ့ ပြဿနာတွေက တဖြည်းဖြည်းနဲ့ များလာတယ်။ သူ့ရဲ့ အနိုင်ကျင့်မှုတွေကလည်း စိပ်လာခဲ့တယ်။ အခုလိုဖြစ်လာတာလည်း ကိုကိုရှိုင်းဝေရဲ့ တစ်ဖက်သတ် အနိုင်ကျင့်မှုတွေကြောင့်။ အခုလည်း ငိုပြီး သူ့အမေကို တိုင်ပြောနေတာ။ သူ့အသံကြောင့် မီးဖိုချောင်ထဲကနေ အန်တီဝေကထွက်လာပြီး ယွန်းယွန်းကို လှမ်းဆူတယ်။ လက်ထဲမှာလည်း သံယောင်းမတစ်ခုကိုင်လို့၊ လုပ်တာက ကိုကိုရှိုင်းဝေက လုပ်တာ။ ယွန်းယွန်း ဆော့နေတဲ့ အိုးပုတ်တွေကို ကိုကိုရှိုင်းဝေက ခြေထောက်နဲ့ လာလာကန်တာ။ ပြီးတော့ ယွန်းယွန်းကိုလည်း ရိုက်ရိုက်ပြီး ပြေးသွားတာ။ ကြာလာတော့ ယွန်းယွန်းလည်း မခံနိုင်တော့ဘူး။ ပြန်လုပ်မယ် ဟန်ပြင်တုန်း ကိုကိုရှိုင်းဝေက သူ့အမေကို အရင်လှမ်းတိုင်လိုက်တာ။ သူ့သားနဲ့ရန်ဖြစ်ရင် ယွန်းယွန်းကိုပဲ ရိုက်တာ။ အဖေမရှိတဲ့နောက်ပိုင်း ယွန်းယွန်းကို ပိုရိုက်လာတယ်။ ကိုကိုရှိုင်းဝေကလည်း ပိုပြီးအနိုင်ကျင့်လာတယ်။ အရင်တုန်းက ကိုကိုရှိုင်းဝေကို ပြန်လုပ်ပေမယ့် အခုနောက်ပိုင်းပြန်မလုပ်ရဲဘူး။ ဒေါသဖြစ်မှ တော်တော်လေးနာမှ ပြန်လုပ်တာ။ ဒါကလည်း ကိုကိုရှိုင်းဝေ လန့်အောင်လို့ ခြောက်လိုက်တာ။ တကယ်လို့ သူ့ကိုလုပ်လိုက်ရင် အန်တီဝေ ရိုက်တာလည်း ခံရမှာ။ အန်တီဝေကိုလည်း ယွန်းယွန်းကြောက်တယ်။ ဦးလေး အောင်ကျော်ကလည်း သူ့သားကိုလုပ်ရင် ယွန်းယွန်းကို သတ်မှာလို့ပြောထားတာ။ ကိုကိုရှိုင်းဝေကို မကြောက်ပေမယ့် သူ့အဖေနဲ့အမေကိုတော့ ယွန်းယွန်း ကြောက်တယ်။ အဖေရှိတုန်းကတော့ ယွန်းယွန်းကို လုပ်တဲ့သူကို ပြန်လုပ်လို့ ပြဿနာဖြစ်ရင် အဖေက ဝင်ပြောပေးတယ်။ အခုတော့ ယွန်းယွန်းမှာ အဖေက မရှိတော့ဘူး။ အဖေမရှိလို့ အမေရှိလားဆိုတော့ အမေကလည်း အဝေးမှာ။ အဘွားကလည်း ယွန်းယွန်းဘက်မှာ မရှိဘူး။ အန်တီဝေက အဘွားကို အော်လိုက်ရင် အဘွားက ဘာမှမပြောတော့ဘူး။ အခုလည်း တုတ်နဲ့ရိုက်သွားတာက ကိုကိုရှိုင်းဝေက ရိုက်သွားတာ။ လှမ်းတိုင်တော့ သူကတိုင်တာ။ အလုပ်ခံရတာက ယွန်းယွန်း။ အပြစ်ပြော အဆူခံနေရတာလည်း ယွန်းယွန်းပဲ။

"ကောင်မ သူများအိမ်လည်း လာနေသေး၊ ဗိုလ်လာကျလို့"

"ကဲဟာ..ဖြန်း...ဖြန်း"

တစ်ဖက်သက် ဆုံးဖြတ်ချက်နဲ့အတူ ယွန်းယွန်းခြေသလုံးတွေမှာ နာကျင်မှုတို့ ခံစားလိုက်ရတယ်။ အဖေ့စကားကို နားထောင်တဲ့အနေနဲ့ ငိုသံတော့ မထွက်ခဲ့ဘူး။ ကြိတ်မှိတ်နေလိုက်တယ်။

အန်တီဝေက ရိုက်လည်းရိုက်၊ ဆူလည်းဆူ၊ ခြိမ်းလည်းခြိမ်းခြောက်လို့၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်းတွေနဲ့ ယွန်းယွန်း ငိုပစ်လိုက်တယ်။ ခန္ဓာကိုယ်က တဆတ်ဆတ်တုန်နေပေမယ့် အသံတို့က မထွက်ခဲ့ဘူး။

"တော်ပါတော့ မိဝေရယ် ကလေး ကလေးချင်းဖြစ်တာကို။ နင့်သားကလည်း လုပ်လို့နေမှာ"

"အမေဘာသိလို့လဲ ဝေ့ သားကတော့ လုပ်မှာမဟုတ်ဘူး။ ဒီကောင်မက ဖအေတူ သမီးရယ်။ ခြေသွက်၊ လက်သွက်နဲ့"

အန်တီဝေက အဖွားကို အော်ပြောရင်း သူ့သားဆီကို သွားလိုက်တယ်။ ယွန်းယွန်းလည်း အိမ်အပြင်ထွက်ပြီး ငိုနေလိုက်တယ်။

**အခန်း (၄)**

ကိုကိုရှိုင်းဝေက သူ့အဖေ ကုပ်ပေါ်ကိုတက်ပြီး မြင်းလုပ်တန်းဆော့နေတယ်။ သူတို့ ဆော့တာကိုမြင်တော့ အဖေ့ကို ယွန်းယွန်းသတိရမိတယ်။ အဖေနဲ့ အမေ ဘာလို့ကွဲရတာလဲဆိုတာ ယွန်းယွန်း သိပ်နားမလည်ခဲ့ဘူး။ အဲဒီနေ့က အဖေနဲ့အမေ ရန်ဖြစ်နေတာကိုတော့ သိခဲ့တယ်။ အဲဒီနေ့ပြီးတော့ အဖေ့ကို ယွန်းယွန်း မတွေ့တော့တာပဲ။ အမေကပြောတော့ အဖေက နောက်ထပ် မိန်းမတစ်ယောက်ရှိနေပြီ။ အဲဒါကြောင့် အမေက အဖေ့ကို ကွာလိုက်တာလို့ ပြောဖူးတယ်။ အမေနဲ့ အဖေ ဘယ်သူမှန်တယ်၊ မှားတယ်တော့ ယွန်းယွန်းသိပ်မသိဘူး။ အဲဒီနေ့က အဖေဒေါသဖြစ်ပြီး ပြောခဲ့တဲ့စကားတွေကိုတော့ ပြန်သတိရမိတယ်။

"ဒီမှာ ခင်စီ ငါ့ကို နင့်စိတ်နဲ့နှိုင်းပြီး လျှောက်ထင်မနေနဲ့။ နင်သာ လိုင်းပေါ်က ကောင်နဲ့ကြူနေတာ ငါမသိဘူးများ မှတ်နေလား။ နင်တို့ အပြင်မှာ ချိန်းတွေ့တာကို ငါသိနေတယ် ခင်စီ"

"ဟဲ့အကောင် နင့် ဇာတ်ထုပ်ပေါ်လို့ ငါ့ကို လာစွပ်စွဲနေတာလား"

"ဟာကွာ ဒီမိန်းမ ငါ့ကို အကောင်လာပြောနေတာ။ ကဲဟာ..."

"ဖြန်း.."

အဖေက အမေ့ကို ပြောပြောဆိုဆို ရိုက်လိုက်တယ်။ အဖေရိုက်လိုက်တဲ့အရှိန်ကြောင့် အမေလည်း လဲကျသွားတယ်။ လဲကျနေရာမှ ပြန်ထပြီး အဖေ့ကို အမေက အနီးနားက တုတ်နဲ့ ရိုက်လိုက်တယ်။

"အုန်း"

"အင့်........အင့်"

"အမလေး...သေပါပြီ အမေရေ..."

အဖေရဲ့ ဆောင့်ကန်တဲ့ ကန်ချက်ကြောင့် ထမင်းစားပွဲ ထောင့်စွန်းနားမှာ အော်ညည်းရင်း ခွေခွေလေး အမေလဲကျသွားတယ်။ ပန်းကန်တွေ၊ ခွက်တွေလည်း ကျကွဲလို့၊ အဖေ့ခေါင်းမှာလည်း သွေးတွေနဲ့။ ယွန်းယွန်းကတော့ အဖေနဲ့အမေ့ကိုကြည့်ပြီး ကြောက်လွန်းလို့ ငိုနေမိတယ်။ အဲဒီနောက် အဘွားတို့၊ အန်တီဝေတို့ ရောက်လာခဲ့တယ်။ နောက်ရက်မှာတော့ အဖေနဲ့အမေက ရပ်ကွက်ရုံးမှာ တရားဝင်ကွဲလိုက်တယ်လို့ အဘွားတို့ပြောလို့ သိလိုက်ရတယ်။

ဒါပေမဲ့ အဖေနဲ့အမေ့ကို အရင်လို ပြန်ပေါင်းစေချင်တယ်။ အရင်တုန်းကဆိုရင် အဖေကလည်း ယွန်းယွန်းကို ချစ်တယ်။ အမေကလည်း ယွန်းယွန်းကို ဂရုစိုက်တယ်။ အဖေအလုပ်သွားရင် အိမ်မှာ ယွန်းယွန်းနဲ့အမေရဲ့ နှစ်ယောက်တည်းကျန်ခဲ့တယ်။ အဲဒီတုန်းကဆိုရင် ယွန်းယွန်းကို အနိုင်ကျင့်မယ့်သူမရှိဘူး။ အဘွားတို့အိမ် အလည်သွားလည်း ခဏပဲသွားတာ။ ကိုကိုရှိုင်းဝေက လုပ်ရင်လည်း ပြန်လုပ်တာ။ အဲဒီအခါ အန်တီဝေက ယွန်းယွန်းကိုဆူရင် အမေနဲ့ အန်တီဝေ ရန်ဖြစ်တယ်။ ယွန်းယွန်းကို တစ်ယောက်တည်းထားပြီး အဖေနဲ့အမေက ဘယ်မှ မသွားခဲ့ဘူး။ ခုတော့–

"အဟင့်......ဟင့်...ဟင့်"

ပြန်စဉ်းစားရင်း ငိုပစ်လိုက်တယ်။

**အခန်း (၅)**

ဒီနေ့တော့ ယွန်းယွန်း ပျော်နေမိတယ်။ အမေပြန်လာမှာဆိုပဲ။ အဘွားကို မနက်ကဖုန်းဆက်ပြီးပြောတာတဲ့။ အမေ ပြန်လာတာက အရင်လိုတစ်ယောက်တည်းမဟုတ်ဘဲ ဦးဦးတစ်ယောက် ပါလာမှာတဲ့။

အဘွားပြောတုန်းက စိတ်တော့ ညစ်သွားတယ်။ ဒါပေမဲ့ အဲဒီစကားတွေက အမေပြန်လာမယ့်နေ့ဆို အဖွားက "စ"နေကျစကားတွေ၊ "စ"နေမှန်းသိပေမယ့် ယွန်းယွန်းစိတ်ထဲမှာ မခံစားနိုင်ဘူး။ အမေ့ကို နောက်ယောကျ်ားယူမှာ စိုးရိမ်တယ်။ အမေနဲ့အဖေ အတူတူပြန်နေဖို့ပဲ မျှော်လင့်နေမိတာ။

မိုးလည်းချုပ်တော့မှာဆိုတော့ အမေလည်းပြန်လာတော့မှာ။ အိမ်အပြင်ထွက်ပြီး အမေ့ကိုစောင့်ဖို့ အိမ်ထဲကနေထွက်လိုက်တယ်။

"ဟဲ့ ယွန်းယွန်း ဘယ်သွားမလို့လဲ။ မှောင်တော့မှာကို"

"ခြံအပြင်ထွက်ပြီး အမေ့ကို စောင့်မလို့ပါ၊ အဘွား"

"ငြိမ်ငြိမ်လေး ထိုင်စောင့်နေနော်။ မှောင်ခါနီးဆိုတော့ ကားတွေ၊ ဆိုင်ကယ်တွေက ရှုပ်ရှုပ်နဲ့"

"ဟုတ်"

အဘွားကို ပြန်ဖြေရင်း ခြံအပြင်ကို ထွက်ခဲ့လိုက်တယ်။ အမေလာမယ့် ဘက်ကိုလည်း မျှော်ကြည့်နေလိုက်မိတယ်။ အဲဒီဘက်က ဆိုင်ကယ်မောင်းလာရင် အမေပါလာလားလို့ မျှော်လင့်ချက်နဲ့ ကြည့်နေမိတာ။ ဒါပေမဲ့ အမေက မလာသေးဘူး။ ဆိုင်ကယ်တွေကလည်း အတင်းမောင်းနေကြတာ။ ယွန်းယွန်းလည်း ကြောက်တာနဲ့ ခြံအုတ်တံတိုင်းနားလေး ကပ်နေလိုက်တယ်။

"ခွပ် "

"အား"

ခေါင်းပေါ်ကို တုတ်တစ်ချောင်း ကျလာတဲ့အတွက် ယွန်းယွန်းအော်လိုက်တယ်။ လှည့်ကြည့်လိုက်တော့ ကိုကိုရှိုင်းဝေ ဖြစ်နေတာ။ ခေါင်းကို ယွန်းယွန်း ပွတ်လိုက်ပြီး လှမ်းလုပ်လိုက်တော့ ကိုကိုရှိုင်းဝေက အိမ်ထဲပြေးသွားတယ်။ အိမ်ထဲဝင်ပြီး လိုက်လုပ်မယ်လုပ်တော့ အန်တီဝေရှိနေတဲ့အတွက် မလိုက်ဘဲ ရပ်နေလိုက်တယ်။ ရိုက်ခံလိုက်ရတဲ့နေရာကို လက်နဲ့ပွတ်လိုက်တယ်။ နာကျင်မှုကြောင့် မျက်ရည်တွေ ဝိုင်းသွားတယ်။

"ဟေ့ သူခိုးမ မနက်က ငါ့မုန့်ကို ခိုးစားတဲ့ သူခိုးမ၊ သူခိုးမကြီး ယွန်းယွန်း"

ကိုကိုရှိုင်းဝေက ခြံတံခါးနားကနေ ယွန်းယွန်းကို လှမ်းပြောနေတာ။ သူ့ကို မျက်စောင်းထိုးပစ်လိုက်တယ်။ မနက်က မုန့်ဆိုင်မှာ မုန့်သွားဝယ်တုန်းကလည်း ယွန်းယွန်းမုန့်တွေကို လုစားတယ်။ ယွန်းယွန်းက ပြန်လုတော့ သူကတွန်းလွှတ်တယ်။ ပြန်ပြီးလုပ်မယ်လုပ်တော့ သူ့အမေကို ဦးအောင်သွားတိုင်တာ။ ယွန်းယွန်းလည်း အနီးနားက တုတ်ချောင်းကိုယူပြီး ခြံထဲထိဝင်ပြီး လိုက်ရိုက်တော့ သူကအော်ပြေးတယ်။ အဲဒါနဲ့ လက်ထဲက တုတ်နဲ့လှမ်းပစ်လိုက်တယ်။

"အား နာတယ်၊ အမေရေ အီး......ဟီး......ဟီး........."

ယွန်းယွန်း ပစ်လိုက်တဲ့တုတ်က ကိုကိုရှိုင်းဝေရဲ့ ခေါင်းကို မှန်သွားတာ။ ကိုကိုရှိုင်းဝေလည်း ခေါင်းကိုင်ပြီး ထိုင်ငိုနေတာ။ ခေါင်းကိုင်ထားတဲ့ ကိုကိုရှိုင်းဝေရဲ့လက်မှာတော့ သွေးတွေပေလို့၊ အဲဒီနောက် အန်တီဝေနဲ့ ဦးလေးအောင်ကျော်တို့ အိမ်ထဲက ထွက်လာတာကို တွေ့လိုက်တယ်။

ဦးလေး အောင်ကျော်ကလည်း ယွန်းယွန်းဆီလာနေပြီ။ ယွန်းယွန်းလည်း ကြောက်တာနဲ့ ခြံအပြင်ကိုထွက်ပြေးလိုက်တယ်။

"ဟာ ဟာ ကလေး ကလေး..."

"ဟဲ့ ဟဲ့ လုပ်ကြပါဦးဟဲ့။ ကလေး ကောက်ပွေ့လိုက်ပါဦး"

အဘွားတို့ခြံထဲကနေ ထွက်အပြေး ယွန်းယွန်းကို တစ်ခုခုနဲ့ဝင်တိုက်တာကို တော့သိလိုက်တယ်။ အဲဒါဟာ ဦးလေးအောင်ကျော်က ယွန်းယွန်းကို တစ်ခုခုနဲ့ ပစ်လိုက်တယ် ထင်မိတာ။ ဒါပေမဲ့ မဟုတ်ခဲ့ဘူး။ ယွန်းယွန်း ခြံပြင်ကိုထွက်အပြေး အရှိန်နဲ့မောင်းလာတဲ့ဆိုင်ကယ်ကို ဝင်တိုက်မိတာ။ တိုက်မိတဲ့ အရှိန်ကြောင့် ခြံအုတ်တံတိုင်းလေးနားက မြေစာမြက်ပင်တွေပေါ် ပြုတ်ကျခဲ့တယ်။ မြေစာမြက်တွေအပေါ်မှာတော့ ယွန်းယွန်းဆီက စီးကျနေတဲ့ သွေးတွေပေလို့၊ ပြီးတော့ အန်တီဝေ၊ အဘွား၊ ဦးလေး အောင်ကျော်တို့ ယွန်းယွန်းဆီကိုပြေးလာနေကြတာကို မြင်လိုက်တယ်။ ဦးဦး တစ်ယောက်ကတော့ ယွန်းယွန်းကို ပွေ့ချီပြီး သမီးသမီးနဲ့ခေါ်နေတာ။ ယွန်းယွန်း စိတ်ထဲမှာ အဖေနဲ့အမေ့ကို သတိရသွားတယ်။ အဲဒီနောက် ဘာမှမမြင်ရတော့ဘဲ အရာအားလုံးဟာ မှောင်မိုက်သွားတယ်။ ။

ဆောင်းပါး

# စာရိတ္တမဏ္ဍိုင် မယိုင်ပါစေနှင့်

## မောင်လွှား

ငယ်ရွယ်စဉ် ကလေးဘဝတွင် အဖေ အမေဖြစ်သူများက သူတို့၏သားသမီးများကို အကျင့်စာရိတ္တကောင်းမွန်အောင် တတ်နိုင်သမျှ ဆိုဆုံးမခဲ့ကြသည်။ ကျောင်းနေအရွယ်သို့ ရောက်သောအခါတွင်လည်း ဆရာ ဆရာမများက သူတို့၏တပည့်သားသမီးများကို အကျင့်စာရိတ္တကောင်းများ ပိုမိုပြည့်စုံကြွယ်ဝအောင် တတ်စွမ်းသမျှ လေ့ကျင့်ပျိုးထောင်ပေးကြသည်။ သို့သော် ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တွင် လူအများစုသည် အကျင့်စာရိတ္တများ အနည်းနှင့် အများဆိုသလို ပျက်စီးယိုယွင်းလာကြသည်။ ငွေကြေးချေးငှားပြီး ပြန်မဆပ်ကြသောကြောင့် ပေးသူနှင့် ယူသူ ပြဿနာတက်ကြသည်။ အများနှင့် စုပေါင်းလုပ်ဆောင်ကြရာတွင် “ငါ မသွားလည်း ဘာမှမဖြစ်ပါဘူး” ဟုဆိုကာ ရှောသာခို အချောင်လိုက်လာကြသည်။ အဂတိများ လိုက်စားလာသည်။ သူတစ်ပါးပစ္စည်းဥစ္စာကို အချောင်လိုချင်လာကြသည်။ ရရင်ရသလို ကိုယ့်လိုချင်စိတ်ကြောင့် သူတစ်ပါးမသိသူများကို ကွက်ကျော်ရိုက်လာကြသည်။

ထိုသို့သော အဖြစ်အပျက်များကို မကြာခဏဆိုသလို စိတ်မချမ်းမြေ့စွာ တွေ့မြင်နေရသည်။ ထိုအကြောင်းကို စဉ်းစားတွေးတောနေစဉ် ဖတ်မှတ်ခဲ့ဖူးသည့် အဆုံးအမလေးတစ်ခုဖြစ်သော “မြင့်မြတ်တဲ့ရည်မှန်းချက်နဲ့ ပြင်းထန်တဲ့ စိတ်ဆန္ဒရှိခြင်းက အကျင့်စာရိတ္တကောင်းတွေ ဖြစ်ပေါ်လာဖို့အတွက် အခြေခံပါပဲ” ဟူသောအဆိုလေးကို သတိရလာမိသည်။ ထိုအဆိုလေးကို ထောက်ရှုခြင်းဖြင့် ငယ်ရွယ်စဉ်အချိန်ကတည်းက အကျင့်စာရိတ္တ၏ ကောင်းကျိုးဆိုးကျိုးများကို သိရှိခဲ့ကြပြီးသော ကျွန်တော်တို့သည် အရွယ်ရောက်လာသောအခါတွင်လည်း ထိုအကျင့်စာရိတ္တများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းနိုင်ရန် မြင့်မြတ်သောရည်မှန်းချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများထားရှိရန် အထူးလိုအပ်ပါသည်။ မြင့်မြတ်သော ရည်မှန်းချက်ရှိလျှင် မြင့်မြတ်သောအမူအကျင့်နှင့် မြင့်မြတ်သောအလုပ်ကိုသာ လုပ်ဆောင်လာကြလိမ့်မည်။

သို့သော် လူတိုင်း အကျင့်စာရိတ္တကောင်းသူများဖြစ်ချင်ကြသည်။ အကျင့်စာရိတ္တကောင်းအောင်လည်း နေထိုင်ကြသည်။ သို့သော် ပြင်းထန်သောစိတ်ဆန္ဒများ မရှိသောအခါ အကျင့်စာရိတ္တပျက်ပြားစရာကိစ္စများနှင့် ကြုံကြိုက်လာသည်နှင့် အကျင့်စာရိတ္တများ စတင်ပျက်စီးလာကြသည်။ စီးပွားဥစ္စာရှားပါးသောသူများကလည်း ရှားပါးသည့်အလျောက် အကျင့်စာရိတ္တများ ပျက်စီးလာကြသည်။ စီးပွားဥစ္စာရှိသောသူများကလည်း လောဘအလျောက် အကျင့်ပျက်မှုများ ဖြစ်လာကြသည်။ ထို့ပြင် စိတ်အလိုကိုလိုက်၍ “လူတစ်ယောက်က ဒီတစ်ကြိမ်တည်း လုပ်ရုံနဲ့ ဘာမှမဖြစ်ပါဘူး”ဟု တွေးတောကာ မကောင်းသော အဂတိလိုက်စားမှုကို ပြုလုပ်လာသောအခါ အစရှိအနောင်နောင်ဟူသည့်အတိုင်း ထိုသူသည် အဂတိလိုက်စားခြင်း မကောင်းမှုအလုပ်ကို ထမင်းစားရေသောက်သကဲ့သို့ ပြုလုပ်လာနိုင်သည်။

ထို့ပြင် မကောင်းမှု၏ ဝါးမျိုခြင်းကိုပါခံရနိုင်သည်။ ထို့အတူ အရက်စသောက်သောသူသည် “တစ်ခွက်နှစ်ခွက်သောက်ရုံနဲ့ ဘာမှမဖြစ်ပါဘူးကွာ အပေါင်းအသင်းဆုံလို့ တစ်ခါတလေသောက်တာပဲကို” ဟုဆိုကာ အရက်သောက်ခြင်းကို အစပြုလာရာမှ အပေါင်းအသင်းဆုံတိုင်းလည်းသောက်၊ မဆုံလျှင်လည်းဆုံအောင် ချိန်းဆို၍ သောက်လာရာမှ ဝမ်းနည်းလျှင်လည်း ဝမ်းနည်းလို့ဟုဆိုကာ သောက်လာသည်။ ပျော်လျှင်လည်း ပျော်လွန်းလို့ဟုဆိုကာ သောက်လာသည်။ အစပိုင်းတွင် လူက အရက်ကိုသောက်သော်လည်း တစ်စတစ်စနှင့် အချိန်ကြာလာသောအခါ အရက်ကလူကိုပြန်သောက်လာသည်။

ထိုအရာများသည် မြင့်မြတ်သော ရည်ရွယ်ချက်ရှိသော်လည်း စိတ်ဆန္ဒမပြင်းထန်သောအခါ စိတ်ဓာတ်ပျက်ပြားစရာ အခြေအနေတစ်ခုနှင့်ကြုံတိုင်း အကျင့်စာရိတ္တများ ပျက်စီးလာကြသည်။ ထိုကဲ့သို့ပင် “ငွေက စကားပြောလာတဲ့အခါ အမှန်တရားကဆိတ်ငြိမ်နေတယ်” ဟူသော စကားပုံတစ်ခုကို သတိရမိသည်။ ထိုစကားပုံကို ကြည့်မြင်ခြင်းဖြင့် မြင့်မြတ်သော ရည်ရွယ်ချက်များရှိပြီး အကျင့်စာရိတ္တကောင်းရှိသူဖြစ်ချင်သော်လည်း ပြင်းထန်သော စိတ်ဆန္ဒမရှိသောအခါ ငွေကြေးတံစိုးလက်ဆောင်ကြောင့် ကိုယ်သိသော အမှန်တရားကို ဖုံးကွယ်ထားတတ်ကြသည်။ ကျွန်တော်နေထိုင်သော ပတ်ဝန်းကျင်တွင်လည်း အကျင့်ပျက်ခြစားသော အဂတိလိုက်စားမှုများကို ကြားသိမြင်တွေ့နေရသည်။ ရာထူးတိုးလိုချင်သူ၊ ပြောင်းရွှေ့ချင်သူများအပြင် အလုပ်ရချင်သောကြောင့် အလုပ်ရချင်သူက တံစိုးလက်ဆောင်များပေးကြသည်။ ရအောင်လုပ်ပေးမည်ဟုပြောကာ ယူသူကယူသည်။ ပေးသူများကလည်းပေးကြသည်။ အလုပ်ရသည် မရသည်ထက် အကျင့်စာရိတ္တများ စတင်ပျက်စီးလာကြသည်။ တစ်နည်းအားဖြင့် စိတ်ဓာတ်မပြင်းထန်သောအခါ လိုချင်တပ်မက်မှုလောဘကြောင့် အကျင့်စာရိတ္တများ ပျက်စီးယိုယွင်းလာကြသည်။ သည်နေရာတွင် အကြောင်းတိုက်ဆိုင်သောကြောင့် ဖတ်မှတ်ဖူးခဲ့သော ပုံပြင်တစ်ပုဒ်ကို ဖော်ပြလိုပါသည်။

> **အကျင့်စာရိတ္တ ကောင်းများ၏ အခြေခံအုတ်မြစ်ဖြစ်သည့် မြင့်မြတ်သောရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများထားရှိရန် အထူးလိုအပ်ပါသည်။ မြင့်မြတ်သော ရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများရှိလျှင် နိမ့်ကျသော၊ အောက်တန်းကျသော အကျင့်စာရိတ္တ ပျက်ပြားစေမည့် လုပ်ရပ်များကို ပြုလုပ်လာမည် မဟုတ်ပေ။ မြင့်မြတ်သော၊ ဂုဏ်သိက္ခာရှိသော လုပ်ရပ်များကိုသာ ရွေးချယ်၍ ပြုလုပ်ကြလိမ့်မည်။**

တစ်ခါတုန်းက ရွာတစ်ရွာတွင် ရွာအကြီးအကဲပုဂ္ဂိုလ်တစ်ယောက်က ရွာသားများကို စုပေါင်းညီညွတ်မှုရှိလျှင် ပျော်ရွှင်မှုရနိုင်ကြောင်းကို သိရှိစေရန် မိမိအိမ်ညှော်ခံပွဲတွင် အစီအစဉ်တစ်ခုကို ထည့်သွင်းလေသည်။ ထိုအစီအစဉ်မှာ မိမိအိမ်ညှော်ခံပွဲသို့ လာရောက်ကြသော ရွာသားများကို ထန်းရည်တစ်ယောက်တစ်အိုးစီယူလာရန်၊ ထိုရွာသားများယူလာသော ထန်းရည်များကို အိမ်ရှေ့အိုးကြီးထဲသို့ ထည့်ကြရန်၊ အစားအသောက်များသုံးဆောင်၍ ထိုအိုးကြီးထဲကထန်းရည်များကို ရွာသားများနှင့်အတူ တပျော်တပါးသောက်ကြရန် ဖြစ်သည်။ ထိုအစီအစဉ်အတိုင်း ရွာထဲရှိရွာသားများကို ဖိတ်ကြားလိုက်လေသည်။ ထိုသို့ဖြင့် ညှော်ခံပွဲနေ့သို့ရောက်သောအခါ သတ်မှတ်ထားသော အစီအစဉ်များအတိုင်း ရွာသားများက အကြီးအကဲအိမ်သို့ ထန်းရည်အိုးကိုယ်စီကိုင်ဆောင်၍ လာကြသည်။ အကြီးအကဲအိမ်သို့ ရောက်သောအခါ ထိုထန်းရည်အိုးထဲရှိ ထန်းရည်များကို အိုးကြီးထဲကိုယ်စီကိုယ်စီလောင်းထည့်ကြလေသည်။ ရွာထဲရှိ ရွာသားတစ်ဦးကမူ ညှော်ခံပွဲသို့ သွားချင်သော်လည်း ထန်းရည်မရှိဖြစ်နေလေသည်။ မိန်းမဖြစ်သူက ထန်းရည်သွားဝယ်ရန် ပြောသော်လည်း လင်ယောကျ်ားဖြစ်သူက မဝယ်ချင်ပေ။ ထိုသို့ဖြင့် လင်ယောကျ်ားဖြစ်သူက “ရွာသားတွေက အများကြီးပဲလေ။ အိုးကြီးထဲကို ထန်းရည်တွေ ကိုယ်စီကိုယ်စီလောင်းထည့်ကြမှာပါ။ ဒီလောက်များတဲ့ ထန်းရည်တွေထဲမှာ ရေတစ်အိုးလောက်ရောထည့်လိုက်ရုံနဲ့ ဘာမှမဖြစ်လောက်ပါဘူး” ဟု တွေးတောကာ မိန်းမဖြစ်သူအား ပြောဆို၍ ထန်းရည်အိုးထဲကို ရေများထည့်ကာ ညှော်ခံပွဲသို့ သွားလေသည်။ ညှော်ခံပွဲသို့ရောက်သောအခါ အခြားသူများနှင့်အတူ ရောယောင်၍ အိုးကြီးထဲသို့ သူယူဆောင်လာသော ရေများကို မသိမသာ လောင်းထည့်ကာ ဟန်မပျက်သွားထိုင်လေသည်။ ထိုသို့ဖြင့် အကြီးအကဲ၏ပြောစကားများ နားထောင်၍ ပြီးဆုံးသွားသောအခါ အကြီးအကဲက အစားအသောက်များနှင့်အတူ အိုးကြီးထဲရှိထန်းရည်များကို တပျော်တပါး သောက်သုံးကြရန် ပြောဆိုလေသည်။ ထိုအခါ ရေတွေယူလာသောရွာသားသည် ရွာသားများနှင့်အတူ ရောယောင်ကာ ထန်းရည်သောက်ရန် အိုးကြီးအနားသို့ သွား၍ ခပ်လိုက်သောအခါ အိုးကြီးထဲတွင် ရေတွေချည်းဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုအခါ ရွာသားများက “အင်း ငါလိုလူတွေ အများကြီးပဲ” ဟု သိရှိသွားကြလေသည်။

အထက်ပါအကြောင်းအရာသည် ပုံပြင်တစ်ပုဒ်ဖြစ်သော်လည်း အကျင့်စာရိတ္တပျက်စီးသူတို့၏ သဘောသဘာဝများကို ထင်ဟပ်ပြသနေသည်ဟု ထင်မြင်မိသည်။ ထို့ပြင် ထိုပုံပြင်ကို ကြည့်မြင်ခြင်းဖြင့်လည်း အကျင့်စာရိတ္တခြစားပျက်စီးသူ များများလာသောအခါ အဖွဲ့အစည်းတစ်ခု၊ တိုင်းပြည်တစ်ခု ထိခိုက်ပျက်စီးကြောင်းကိုပါ ထင်ဟပ်ပြသနေလေသည်။ သည်နေရာတွင် ဖတ်မှတ်ဖူးခဲ့သော “ရောမအင်ပါယာကြီး ပျက်စီးရတာဟာ အစာရေစာရှားပါးချို့တဲ့လို့လည်း မဟုတ်ဘူး။ ပြင်ပက ရန်သူတွေ ဝင်ရောက်တိုက်ခိုက်လို့လည်း မဟုတ်ဘူး။ အဓိကအကြောင်းရင်းက ပြည်သူ ပြည်သားတွေရဲ့ အကျင့်စာရိတ္တတွေ ပျက်စီးသွားကြလို့ပါပဲ” ဟူသော အဆုံးအမလေးကို သတိရမိသည်။

ထိုသို့သော အကြောင်းအရာများကို ထောက်ရှုခြင်းဖြင့် တစ်ဦးတစ်ယောက်ခြင်းစီတိုင်း၏ အကျင့်စာရိတ္တများသည် မိမိဘဝအတွက်၊ မိမိအဖွဲ့အစည်းအတွက်၊ မိမိတိုင်းပြည်အတွက် မည်မျှအရေးပါကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ထို့ကြောင့် အကျင့်စာရိတ္တကောင်းများ၏ အခြေခံအုတ်မြစ်ဖြစ်သည့် မြင့်မြတ်သောရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများထားရှိရန် အထူးလိုအပ်ပါသည်။ မြင့်မြတ်သော ရည်ရွယ်ချက်နှင့် ပြင်းထန်သောစိတ်ဆန္ဒများရှိလျှင် နိမ့်ကျသော၊ အောက်တန်းကျသော အကျင့်စာရိတ္တ ပျက်ပြားစေမည့် လုပ်ရပ်များကို ပြုလုပ်လာမည် မဟုတ်ပေ။ မြင့်မြတ်သော၊ ဂုဏ်သိက္ခာရှိသော လုပ်ရပ်များကိုသာ ရွေးချယ်၍ ပြုလုပ်ကြလိမ့်မည်။

ထိုသို့ဖြင့် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ အကျင့်စာရိတ္တများသည် မိမိဘဝအတွက်သာမက လူ့အဖွဲ့အစည်းတစ်ခု၊ တိုင်းပြည်တစ်ခုအတွက်ပါ မည်မျှအရေးပါကြောင်းကို သိရှိကြသည့်အလျောက် မကောင်းသောအကျင့်စာရိတ္တများကို ဖယ်ထုတ်၍ အကျင့်စာရိတ္တကောင်းများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းမွေးမြူကာ စာရိတ္တမဏ္ဍိုင် မယိုင်နဲ့အောင် ထိန်းသိမ်းနိုင်ကြပါစေဟု မေတ္တာရှေ့ထား၍ ရေးသားလိုက်ပါသည်။

## စာပေမြတ်နိုး အသိဉာဏ်တိုး

ခန္ဓာကိုယ် အာဟာရ
ပြည့်ဝဖို့ ဆိုပါလျှင်။
အစားအစာ မှန်မှန်စားလို့
အားဖြည့်ကြပြင်။
ဦးနှောက်ထဲ အသိဉာဏ်ရှင်
ပြည့်စုံချင် စိတ်ခွန်အား။
စာပေကို ချစ်မြတ်နိုးလို့
ဖတ်မှတ်ကြိုးစား။
စိတ်ဓာတ်တွေ မြင့်မားရေး
စာဖတ်ပေး တို့တစ်တွေ။
လုံ့လရယ် ဝီရိယနှင့်
ဇွဲရှိကြလေ။
ဘိုးဘွားရဲ့ ချစ်အမွေ
စာပေကို တန်ဖိုးထား။
မျိုးဆက်တွေ လက်ဆင့်ကမ်းလို့
ထမ်းရွက်စို့လား။
အလိမ္မာ စာမှာရှိ
မွန်မြတ်ဘိ ပညာဂုဏ်။
အသိအမြင် ဗဟုသုတ
ကြွယ်ဝပြည့်စုံ။
စာပေရနံ့ သင်းပျံ့ထုံ
ခက်ခဲကြုံ ဖြေရှင်းဖို့။
အမှားအမှန် ခွဲခြားတတ်အောင်
စာဖတ်ကြစို့။ ။

မင်းဝေအောင်(ရဲကျွန်း)

## တို့ကျောင်းစာသင်ခန်း

ကျောင်းဥယျာဉ်မှာ ဖူးပွင့်လာ
ရောင်စုံပန်းများစွာ၊
ဖြူနီပြာဝါ အလှတရား
ကိုယ်စီပိုင်ဆိုင်ထား။
ပညာရေးအား ကြိုးစားကွယ်
ကျောင်းသားတို့လူငယ်၊
အနာဂတ်ဝယ် အောင်နိုင်ရေး
ပြုစုပျိုးထောင်ပေး။
ကလေးဘဝ ပြီးပျော်ရွှင်
ကျောင်းတက်မှန်ဖို့ပင်၊
စာသင်ချိန်မှာ အာရုံစိုက်
မှတ်သားနာယူလိုက်။
အချိန်ရှိခိုက် တို့တစ်တွေ
ကြိုးစားပါစို့လေ၊
ပညာအမွေ ပေးဝေမျှ
ဆရာအားလုံးက။
ပညာတတ်မှ အောင်မြင်မည်
ပန်းတိုင်အရောက်ချီ၊
ခေတ်နှင့်အညီ ရှေ့သို့လှမ်း။
တို့ကျောင်းစာသင်ခန်း။ ။

ခင်နွဲ့မူ(ပုလဲ)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၃ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၇၆,၇၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၁၃၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၂) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၈၀) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၁၄၅) ခု | (၃) ဦး |
| စုစုပေါင်း | (၈,၅၁၄) ခု | (၂၀) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၁၇၄၅၂၁ | ၈၁၂၀၇၀၈၁ | ၁၀၂၆၅၂၇ |
| ၂။ | အိန္ဒိယ | ၄၃၁၁၉၁၁၂ | ၄၂၅၆၇၈၁၅ | ၅၂၄၂၀၁ |
| ၃။ | ဘရာဇီး | ၃၀၆၆၄၇၃၉ | ၂၇၉၁၁၇၃၈ | ၆၆၄၈၃၀ |
| ၄။ | ပြင်သစ် | ၂၉၁၃၀၃၄၃ | ၂၈၀၉၇၇၂၀ | ၁၄၇၂၅၇ |
| ၅။ | ဂျာမနီ | ၂၅၇၃၃၅၈၀ | ၂၃၉၂၅၄၀၀ | ၁၃၇၈၀၉ |
| ၆။ | ဗြိတိန် | ၂၂၁၅၉၈၀၅ | ၂၁၆၅၇၇၇၀ | ၁၆၇၇၀၈ |
| ၇။ | ရုရှား | ၁၈၂၅၅၃၃၇ | ၁၇၆၄၀၉၇၉ | ၃၇၇၅၇၁ |
| ၈။ | တောင်ကိုရီးယား | ၁၇၇၅၆၆၂၇ | စိစစ်ဆဲ | ၂၃၆၆၁ |
| ၉။ | အီတလီ | ၁၆၉၉၃၈၁၃ | ၁၅၈၂၀၈၅၉ | ၁၆၅၀၉၁ |
| ၁၀။ | တူရကီ | ၁၅၀၅၁၇၆၁ | ၁၄၉၄၉၅၉၃ | ၉၈၈၈၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၉၃၁၄၁ | ၉၃၄၄၀၂၉ | ၄၃၀၆၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၀၅၁၉ | ၅၈၈၉၂၄၁ | ၁၅၆၄၅၃ |
| ၃။ | မလေးရှား | ၄၄၇၃၅၀၀ | ၄၄၀၉၁၅၉ | ၃၅၆၀၇ |
| ၄။ | ထိုင်း | ၄၃၆၇၇၅၂ | ၄၂၆၄၉၉၈ | ၂၉၄၂၄ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၇၄၈ | ၃၆၂၄၁၇၁ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၃၆၈၅၀ | ၁၁၅၈၃၈၅ | ၁၃၆၂ |
| ၇။ | မြန်မာ | ၆၁၃၁၃၆ | ၅၉၂၀၈၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၃၈၆ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၄၄၁၁ | ၁၄၂၅၂၇ | ၂၂၀ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၉ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၁၄ ရက်အတွင်း ကုမ္ပဏီ ခုနစ်ခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၈၀၀၀ နှင့် နှာခေါင်းစည်း ၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## မေလအတွင်း ဖြစ်ပေါ်နိုင်သည့် လာနီညာအခြေအနေ

နေပြည်တော် မေ ၁၄

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ ခန့်မှန်းချက်အရ မေလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုန်တိုင်းများပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ လာနီညာအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။

မိုး/ဇလ

❍ (၃၁)ကြိမ်မြောက်မှ

မအိဖြူ၊ မစန္ဒာရွှေ၊ မချစ်ဖူးငုံနှင့် မဝင်းသူဇာသိန်းတို့က တတိယဆု ကြေးတံဆိပ် တစ်ခုစီကိုလည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲများသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြများ၊ မြန်မာအားကစားအဖွဲ့များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ခုနစ်ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်းဆုတံဆိပ် ၁၄ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကာယဗလကာယအလှအားကစားပြိုင်ပွဲ (+70)kg တွင် ရွှေတံဆိပ်ဆုရ မောင်ရဲထွန်းနောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

❂ မြန်မာအမျိုးသားမှ

တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မေ ၁၃ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ ရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အပြိုင်ဖြစ်နေသည်။ ပွဲကုန်လေးပွဲကစား လေးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်း၊ သုံးပွဲကစား ရမှတ်မရသေးသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

**သေချာသလောက်ရှိ**

လက်ကျန်တစ်နေရာအတွက် ခြောက်မှတ်စီရထားသည့် မြန်မာနှင့် အင်ဒိုနီးရှားတို့ပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး ဂိုးကွာခြားချက်နည်းနေသည့် မြန်မာအသင်းသည် အနိုင်ရမှသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် သုံးသင်းအပြိုင်ဖြစ်နေသော်လည်း တီမောနှင့်ကစားရမည့် အိမ်ရှင်ဗီယက်နမ်အသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိနေသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စု(ခ) ပွဲစဉ်များ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် စင်ကာပူအသင်း၊ ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ) ဒုတိယနေ့အပြီးတွင် မြန်မာနှင့် ထိုင်းအသင်းက လေးမှတ်စီ၊ စင်ကာပူအသင်းက သုံးမှတ်ရထားပြီး လာအိုအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ယှဉ်ပြိုင်ရမည်**

ယင်းအုပ်စုတွင်ပါဝင်သည့် အသင်းများ၏ အနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် မြန်မာနှင့် ထိုင်းအသင်းမှာ သေချာနေပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(က)တွင် အိမ်ရှင်ဗီယက်နမ်အသင်းက အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားရာ အုပ်စုပထမရသည့်အသင်းမှာ အိမ်ရှင်အသင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

မြန်မာနှင့် ထိုင်းအသင်းတို့မှာ ထိပ်တိုက်တွေ့ဆုံမှုတွင် သရေကျထားသလို ဂိုးကွာခြားချက်တွင် တူညီနေရာ ယနေ့ကစားမည့်ပွဲတွင် ဂိုးများများသွင်းယူနိုင်သည့်အသင်းမှာ အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။

ကိုညီလေး

# ဆီးဂိမ်းအမျိုးသမီး ဖူဆယ်ပြိုင်ပွဲအဖြစ် မြန်မာနှင့် အိမ်ရှင် ဗီယက်နမ် ယနေ့ကစားမည်

ရန်ကုန် မေ ၁၄

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဆီးဂိမ်းအမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၁၅ ရက်(ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အပါအဝင် ထိုင်း၊ မလေးရှားနှင့် မြန်မာ လေးသင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနှင့် မလေးရှား၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမျိုးသမီးဖူဆယ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၁၄ ရက်ကပြုလုပ်ရာ မြန်မာအမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ် ဦးတင်မောင်ဌေးနှင့် အသင်းခေါင်းဆောင် ခိုင်နှင်းသန့်တို့ တက်ရောက်ကြသည်။




မြန်မာအမျိုးသမီး ဖူဆယ်အသင်းနည်းပြချုပ် ဦးတင်မောင်ဌေးက "ကျွန်တော်တို့ အုပ်စုအဖွင့်ပွဲစဉ်မှာ ရင်ဆိုင်ရမယ့် အိမ်ရှင်ဗီယက်နမ်အသင်းဟာ တောင့်တင်းတဲ့ အသင်းတစ်သင်း ဖြစ်ပါတယ်။ ဆီးဂိမ်းမှာ ရင်ဆိုင်ရမယ့် ပြိုင်ဘက်အသင်းတိုင်းဟာ အသင်းကောင်းတွေဖြစ်တာကြောင့် ပွဲတိုင်းကို အကောင်းဆုံး ပြင်ဆင်ကစားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ ဆီးဂိမ်းမတိုင်မီ ထိုင်းနိုင်ငံမှာ ရက် ၂၀ ကျော်နေထိုင်ပြီး NSDF ဖိတ်ခေါ်ပြိုင်ပွဲ၊ ကလပ်အသင်းနှစ်သင်းနဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

အသင်းခေါင်းဆောင် ခိုင်နှင်းသန့်က "ဆီးဂိမ်းပြိုင်ပွဲမှာ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ခက်ခဲမှာဖြစ်ပေမယ့် ရလဒ်ကောင်းရဖို့ တစ်ပွဲချင်း အကောင်းဆုံး ပြင်ဆင်ကစားသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MFF

# မြန်မာအမျိုးသားဖူဆယ်အသင်း ဆီးဂိမ်းပြိုင်ပွဲ အဖွင့်ပွဲတွင် အရေးနိမ့်

ရန်ကုန် မေ ၁၄

(၃၁)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

**နှစ်ပွဲဆက်အရေးနိမ့်ခဲ့**

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးအထိပေးခဲ့ရသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းသည် ဧပြီလက ပြုလုပ်သည့် ၂၀၂၂ အာဆီယံဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့ရာ မြန်မာအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယနေ့ အခြားပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့အပြီးတွင် အင်ဒိုနီးရှားနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့က နှစ်ပွဲကစား လေးမှတ်စီ၊ ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်ရထားပြီး တစ်ပွဲကစားထားသည့် မြန်မာနှင့် နှစ်ပွဲကစားထားသည့် မလေးရှားအသင်းတို့မှာ ရှုံးပွဲကြုံတွေ့ထားပြီး အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၁၆ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

ကိုညီလေး

# ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်သည့်အသင်းအချို့ ထွက်ပေါ်

ရန်ကုန် မေ ၁၄

ဆီးဂိမ်းဘောလုံး အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ ဆီမီးဖိုင်နယ် တက်ရောက်သည့် အသင်းအချို့ ထွက်ပေါ်ခဲ့သည်။


အမျိုးသားဘောလုံးပြိုင်ပွဲတွင် မလေးရှားနှင့် စင်ကာပူအသင်း ယှဉ်ပြိုင်နေစဉ်။

အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့တွင် ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ငါးဂိုးပြတ် အနိုင်ရပြီး မလေးရှားနှင့် စင်ကာပူအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ မလေးရှားအသင်းမှာမူ သုံးပွဲဆက်ရှုံးပွဲမရှိသေးဘဲ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသွားခဲ့သည်။ ထိုင်းအသင်းမှာလည်း နှစ်ပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲရယူကာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေ ကောင်းသွားခဲ့သည်။

ယခုပွဲအပြီးတွင် မလေးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသွားပြီး ထိုင်းအသင်းက သုံးပွဲကစား ခြောက်မှတ်၊ စင်ကာပူအသင်းက ပွဲကုန်လေးပွဲကစား ငါးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား သုံးမှတ်၊ လာအိုအသင်းက သုံးပွဲကစား တစ်မှတ် ရရှိထားသည်။ နောက်ဆုံးပွဲကို မေ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မလေးရှားနှင့် ကမ္ဘောဒီးယား၊ ထိုင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့တွင် အိမ်ရှင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အုပ်စု(က) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ကမ္ဘောဒီးယားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - FAM

❖



ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကဆုန်လပြည့်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၁၄

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်း တို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်း ဖြစ်သည်။

ကဆုန်လသည် မြေကြီးဓာတ်တွင် ရေပြတ်လပ်သည့်နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းလည်းဖြစ်ရာ မြန်မာတို့သည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဘာသာတရား၏ အဆုံးအမတို့ဖြင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည့် ညောင်ရေသွန်းလောင်းပွဲအပါအဝင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ယနေ့တွင် ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းများ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်းအရှေ့ခြမ်း မြေကွက်အမှတ် (၇၁၀)၊ နှစ်(၆၀)ဂရန်မြေကွက် ဒေါ်လှလှ အမည်ပေါက် ပိုင်ဆိုင်သော အိမ်နှင့်မြေကို လက်ရှိပိုင်ဆိုင်ကြသော ဒေါ်အေးအေးနွဲ့၊ ဒေါ်အေးအေး၊ ဒေါ်မြမြဝင်းထံမှ ဝယ်ယူရန်အတွက် အိမ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့အထောက်အထားမူရင်းများပြသ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အထက်ပါ အိမ်ခြံမြေကွက်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေဝင်း**
**[၁၂/မဂတ(နိုင်)၀၀၈၈၅၁]**
**အမှတ်(၁၂၉)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၈၆၅၀၇၆၁၂၉၊ ၀၉-၈၆၂၃၀၅၅၂**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် မေ ၁၄

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် မေ ၁၃ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်သို့ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သစ်လွင်ထူး၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ အခြေပြု၍ ဒေသခံပြည်သူ အမျိုးသား ၃၇၆ ဦး၊ အမျိုးသမီး ၄၃၈ ဦး စုစုပေါင်း ၈၁၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၅၅ ဦး၊ ခွဲစိတ်ရောဂါ ၈၅ ဦး၊ ကလေးရောဂါ ၆၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၈၃ ဦး၊ အရိုးရောဂါ ၈၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၇ ဦး၊ မျက်စိရောဂါ ၇၆ ဦးနှင့် သွားရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ သွားခွဲစိတ်လူနာ ၈၇ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၂၀ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၅၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၀၄ ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၁၃ ဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင်ကုသပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် အခြေအနေ

နေပြည်တော် မေ ၁၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ **မိုး/ဇလ**




### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၆**

ဒေါ်တင်ပြုံး နှင့် ဒေါ်သင်းသင်းလှိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အခန်း-ဘီ/ခ၊ တိုက်အမှတ်(၂၀)ရပ်နေ တရားပြိုင် ဒေါ်သင်းသင်းလှိုင် သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ မေလ(၂၀)ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မေလ (၁၃)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မို့မို့အေး)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၀**

၁။ ဦးအောင်ကိုဟိန်း နှင့် ဗိုလ်ကြီးရဲထွဋ်လှိုင်
၂။ ဒေါ်မြတ်သဇင်ထက်
**(တရားလိုများ)** **(တရားပြိုင်)**

အမှတ်(၅၄.အေ)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဗိုလ်ကြီးရဲထွဋ်လှိုင်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်နှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၇) ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မေလ (၆) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မီမီထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ)
### အသက်(၈၉)နှစ်

နေပြည်တော်နေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ) သည် ၁၃–၅–၂၀၂၂ ရက်(သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ)သည် ၁၃–၅–၂၀၂၂(သောကြာနေ့)မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုနယ်မြေ၊ ဥက္ကဋ္ဌနှင့် ပါတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ) သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ညွှန်ကြားရေးမှူးဦးယဉ်ထွေး၊ ဇနီးဒေါ်နီနီဇော်**
**နှင့်ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဒေါ်ချိုချိုမြင့်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၄၀၉)နေ (ဦးခင်မောင်မြင့်–ဒေါ်အုန်းကြည်) တို့၏ သမီးကြီး၊ ဦးဉာဏ်ဝင်း–ဒေါ်အေးအေးသန်း၊ ဦးသန်းဝေ–ဒေါ်နီလာ၊ ဦးရဲထွဋ်–ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်တင်–ဒေါ်စီစီမင်းတို့၏ အစ်မကြီး၊ ဒေါ်သန္တာချို(ညော့်လမ်းညွှန်)၊ ဦးဝဏ္ဏလွင် (ရိုက်ကူးတည်းဖြတ်)–ဒေါ်နန္ဒာချို (ညော့်လမ်းညွှန်)၊တို့၏ မွေးသမိခင်၊ မပိုးသုတ၊ မောင်ကောင်းသုခတို့၏ အဘွား၊ ဦးမြရွှေ(အင်ဂျင်နီယာမှူး–ငြိမ်း)၏ဇနီးဒေါ်ချိုချိုမြင့်သည် ၁၃–၅–၂၂(သောကြာနေ့) ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ် အား ၁၄–၅–၂၀၂၂(စနေနေ့) ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်ဝေး၊ ရပ်နီးဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာ၊ ကြိမ်နီတောတောင်ကွင်း၊ ကွင်းအမှတ်(၅၁၃/A)ရှိ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၁.၃၆)ဧက မှခွဲစိတ်မည့် ဦးပိုင်အမှတ်(၁၂/၁)၊ ဧရိယာ(၀.၃၂)ဧက၊ ဦးပိုင်အမှတ်(N–၁၂/၁)၊ ဧရိယာ(၁.၁၂)ဧက၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀.၂၇)ဧကမှ ခွဲစိတ်မည့် ဦးပိုင်အမှတ်(၁၃/၁)၊ ဧရိယာ(၀.၁၆)ဧက၊ ကွင်းအမှတ်(၅၁၃/B)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀.၄၁)ဧက စုစုပေါင်းဧရိယာ(၂.၀၁)ဧကရှိ မြေကွက်အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။**

အဆိုပါ မြေကွက်များကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ **ဦးကြည်တင်[၁၂/မဘန(နိုင်)၀၃၃၇၉၅]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီး အပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော်(စဉ်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်–၅၈၂၇)B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(စဉ်–၅၀၅၂၂)အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP:09–5017044**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ)သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်းကြား သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ)သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီ တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါ သဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)–ဇနီးဒေါ်နုနုဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) အသက်(၈၉)နှစ်သည် ၁၃–၅–၂၀၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ) သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ညွှန်ကြားရေးမှူးဦးအောင်မြင့်၊ ဇနီး မိသားစု**
**နှင့် ဝန်ထမ်းများ၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ(ရွှေရီဝင်းပွဲရုံ) သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ညွှန်ကြားရေးမှူး ဦးအောင်ဝင်းဦး၊ ဇနီးဒေါ်နီလာထွန်း**
**နှင့်ဝန်ထမ်းများ၊ ကယားပြည်နယ်ဦးစီးမှူးရုံး**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၁၅/က)၊ ဧရိယာ(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ ၉–ရပ်ကွက်၊ ကျော်သူ(၁၇)လမ်း၊ အမှတ်(၉၁၅/က)ဟု ခေါ်တွင်သည့် မြေကွက်အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။**

အဆိုပါမြေကွက်နှင့် အဆောက်အအုံကို စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင်သူ **ဒေါ်ခင်စိမ်းထွေး[၁၂/ဗဟန(နိုင်)၀၆၇၉၅၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများ ယနေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော်(စဉ်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်–၅၈၂၇)B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(စဉ်–၅၀၅၂၂)အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766, HP:09–5017044**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ
### အသက်(၈၉) နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ–ဒေါ်ခင်မေစိုးတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြမြ (ရွှေရီဝင်းပွဲရုံ) သည် ၁၃–၅–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီ တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ် (၁၇)မှ**
**ကျောင်းဆင်းသူငယ်ချင်းများ**

## ဦးမင်းအောင်(ကိုပါနီ)
### ရုံးအုပ်စာရေးကြီး(ငြိမ်း)၊ မြို့နယ်ပညာရေးမှူးရုံး
### အသက်(၈၂)နှစ်
### သာယာဝတီမြို့

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အမှတ်(၂၄)၊ ဗိုလ်မြဒင် လမ်းနေ(တိုင်းပညာဝန် ဦးအုန်းမောင်–ဒေါ်လှခင်)တို့၏သား၊ ဒေါ်ယဉ်ယဉ်နွဲ့ ၏ ခင်ပွန်း၊ ဒေါ်တင်တင်အေး(မတူး)၊ ဒေါ်မြမြ(မဆူး)၊ ဦးမင်းမောင်(ကိုပါပု) တို့၏ ညီ/မောင်၊ ဦးမင်းဝေ(ကိုပါထွေး)၊ ဦးမင်းဆွေ(ကိုပါတိုး)၊ ဒေါ်ရီရီခင်(ဖိုဖို) တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးသောင်းဒန်–ဒေါ်ကေကေအောင်၊ သာယာဝတီ မြို့နေ ဦးကျော်ကျော်အောင်–ဒေါ်စုစု၊ ရန်ကုန်မြို့နေ ဦးမင်းသူအောင်–ဒေါ်သဲဦးပန်းတို့၏ ဖခင်၊ မြေး (၅)ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် (၅–၅–၂၀၂၂)ရက် ကြာသပတေးနေ့ည ၁၁:၂၄ နာရီတွင် သာယာဝတီမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်(၇–၅–၂၀၂၂) ရက် မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ထောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၂)နှစ်ပြည့်အလွမ်း
### ဒေါ်ခင်လေး (ခ) ဟိုအိုင်ကွန် (ဗိုလ်ချုပ်ဈေး)
### အသက်(၇၃)နှစ် (၁၅–၅–၂၀၂၀)
### ဗိုလ်ရွှေလမ်း – ဗိုလ်စိန်မှန်လမ်း

(၂)နှစ်ပြည့်ပါပြီ တစ်နေ့မှမေ့မရပါဘူး ဒေါ်ခင်လေး အတွက် ပြုသမျှကုသိုလ်ကောင်းမှုအစုစုကိုမြင်နိုင် ကြားနိုင်သိရှိနိုင်ပြီးသာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်တဲ့ ဘုံဘဝကိုရောက်ရှိပါစေ။

ဒေါ်ခင်လေးရေ ပြုသမျှကုသိုလ်
အမျှ–အမျှ–အမျှ

**ချစ်ခင်ပွန်း**
**ဦးအေးလှိုင်**
**ဗိုလ်စိန်မှန်လမ်း**

ရတနာ
သစ်တော
ပြည့်သွေး
ကျော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ဒေါ်မြမြ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒိုအခန်း(၄၀၂)၊ တိုက်အမှတ်(7+1A)နေ(Mr.A Solomon–ဒေါ်သန်းစိန်)တို့၏ သမီးထွေး၊ [ဦးအေးမောင်(ဒုစက်မှုအင်ဂျင်နီယာချုပ်–တွဲ)–မြန်မာ့မီးရထား]၏ဇနီး၊ [ဦးဇော်အောင်(2nd Mate F.G)–ဒေါ်ဇင်ကြည်ရည်၊ ဒေါ်ရွှေစင်(Director of Human Capital & Development–Pan Pacific Yangon)–ဦးအောင်စိုးလွင်(Chief Mate–F.G) တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မယွန်းရွှေရည်လွင်(1st Year–UVa–WISE USA)၊ မအိကေဇင်လွင်(Y.I.U.S)တို့၏ အဘွားသည် ၁၃–၅–၂၀၂၂ ရက် ည ၇:၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅–၅–၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉–၅–၂၀၂၂ (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်အမှတ်(7+1A)၊ အခန်း(၄၀၂)၊ ပါရမီကွန်ဒို နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးမင်းဒင်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ တော်ဝင်လမ်း၊ နှစ်ခြင်းခရစ်ယာန်သာသနာဝင်း နေ သိက္ခာတော်ရ ဆရာကြီးဦးသာဒင်–(ဆရာမကြီးဒေါ်ချိုရီလွန်း)တို့၏သားကြီး၊ ဒေါ်မိုးမိုးဆွေ(ထွန်း ကော်မာရှယ်ဘဏ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မဝင်းလဲ့မင်းဒင်၊ မဝင်းယုမင်းဒင်တို့၏ဖခင်၊ (ဒေါ်ဝင်းဝင်း မေ)၊ ဦးမြတ်ဒင်–ဒေါ်မွန်မွန်စိုး၊ ဦးထွန်းဒင်–ဒေါ်ရတနာဦး တို့၏အစ်ကို/ မောင်၊ တူ/ တူမသုံးယောက်တို့၏ ဘကြီးသည် ၁၄–၅–၂၀၂၂(စနေနေ့) နံနက် ၃:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆–၅–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၆၉၊ မြေကွက်အမှတ်–၁၆၈၂၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ပါမစ်မြေအမျိုးအစားမြေကွက် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဦးဌေးအောင် (AB–055427)အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက် ဦးဌေးအောင်ထံမှ တစ်ဆင့် ဆက်စပ်စာချုပ်များဖြင့် (၄၀x၆၀)ပေ မြေကွက်မှ ထပ်မံခွဲစိတ်ထားသော(၂၀x၆၀)ပေ မြေကွက်ကို ဒေါ်သိမ့်သန္တာနွယ် [၁၂/ဒဂတ(နိုင်)၁၄၁၈၂၂]ထံမှ ဦးထက်ဝင်းသူ [၁၂/ဒဂတ(နိုင်)၁၄၂၆၁၆] နှင့် ဒေါ်ပျိုပျိုမေ တို့က နောက်ဆုံးဝယ်ယူပိုင်ဆိုင်၍ (၂၀x၆၀)ပေ မြေကွက်မှ ထပ်မံခွဲစိတ်ထားသော (၁၀x၆၀)ပေ မြေကွက်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးမောင်မောင် [၁၂/ဗဟန(နိုင်) ၀၇၄၂၉၈]က ငွေအပြေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကိုကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၀၆၈)**
**အမှတ်(၁၂၃)၊ ၄–လွှာ(ယာ)၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်။ Ph: 09–775100602**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး အဓွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။**

**ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေး ကျင်းပခဲ့သည့်ကိစ္စနှင့် ပူးတွဲထုတ်ပြန်ကြေညာချက်ကို မှတ်သားထားပါသည်။

အဆိုပါ အထူးထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူကိုသာ တက်ရောက်ရန် ဖိတ်ကြားစာကို ပေးပို့ခဲ့ပါသည်။ အဆိုပါဖိတ်ကြားမှုသည် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများဖြစ်သော နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှုတို့ကို လေးစားလိုက်နာခြင်းမှ သွေဖည်နေသည့်အတွက် ဖော်ပြပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခြင်းမပြုခဲ့ပါ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာယဗလကာယအလှအားကစားနည်းမှ ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ဝူရှူး(ထောက်လု) အားကစားနည်းမှ ငွေ တစ်ခု၊ Rowing အားကစားနည်းမှ ကြေး နှစ်ခု ထပ်မံဆွတ်ခူးရရှိ


ကာယဗလကာယအလှအားကစားပြိုင်ပွဲ (+70)kg တွင် မောင်ရဲထွန်းနောင် ယှဉ်ပြိုင်နေစဉ်။

**ဗီယက်နမ် မေ ၁၄**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပြိုင်ပွဲပွဲစဉ်များအဖြစ် ဂေါက်သီး၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ စစ်တုရင်၊ Rowing၊ ဝူရှူး၊ ကာယဗလကာယအလှနှင့် ဖူဆယ်ပြိုင်ပွဲတို့ကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဆွတ်ခူးရရှိ**

အဆိုပါပြိုင်ပွဲများအနက်မှ Cau Giay Gymnasium ၌ ကျင်းပလျက်ရှိသော ကာယဗလကာယအလှအားကစားပြိုင်ပွဲ (+70)kg တွင် မောင်ရဲထွန်းနောင်က ပထမဆု ရွှေတံဆိပ်ကို ထိုက်ထိုက်တန်တန်ဖြင့် ဆွတ်ခူးရရှိခဲ့ပြီး (+80)kg တွင် မောင်မင်းဇော်ဦးနှင့် (+85)kg တွင် မောင်ခင်မောင်ကျော်တို့က ဒုတိယဆု ငွေတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ Trinh Hoai Duc Gymnasium ၌ ကျင်းပလျက်ရှိသော ဝူရှူး(ထောက်လု) အားကစားနည်းမှ အမျိုးသမီးတစ်ဦးချင်း(ချန်းစု)ပြိုင်ပွဲတွင် မစန္ဒီဦးက ဒုတိယဆု ငွေတံဆိပ်ကိုလည်းကောင်း၊ Hai Phong ၌ ကျင်းပလျက်ရှိသော အနောက်တိုင်း လှေလှော်ပြိုင်ပွဲ အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲတွင် နီလာဝင်းနှင့် ရွှေစင်လတ်၊ အမျိုးသမီး လေးတက်လှော်ပြိုင်ပွဲတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၃၂ | ၂၂ | ၂၆ | ၈၀ |
| အင်ဒိုနီးရှား | ၁၃ | ၁၃ | ၅ | ၃၁ |
| မလေးရှား | ၁၃ | ၇ | ၂၀ | ၄၀ |
| ဖိလစ်ပိုင် | ၁၂ | ၁၉ | ၂၂ | ၅၃ |
| ထိုင်း | ၁၁ | ၁၃ | ၂၇ | ၅၁ |
| စင်ကာပူ | ၅ | ၈ | ၁၀ | ၂၃ |
| မြန်မာ | ၃ | ၄ | ၉ | ၁၆ |
| ကမ္ဘောဒီးယား | ၁ | ၃ | ၇ | ၁၁ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| လာအို | ၀ | ၁ | ၆ | ၇ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**ယနေ့ ဖတ်စရာ**

**မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါလက္ခဏာ တွေ့ရှိသူ တစ်သိန်းခုနှစ်သောင်းကျော် ထပ်မံတွေ့ရှိ**

စာမျက်နှာ » ၁၃

**ဆီးဂိမ်းအမျိုးသမီး ဖူဆယ်ပြိုင်ပွဲအဖြစ် မြန်မာနှင့် အိမ်ရှင် ဗီယက်နမ် ယနေ့ ကစားမည်**

စာမျက်နှာ » ၂၃

## မြန်မာအမျိုးသားနှင့် အမျိုးသမီးဘောလုံးအသင်းများ ဆီမီးဖိုင်နယ်တက်ရောက်ရေး ယနေ့ အဆုံးအဖြတ်ပွဲ ကစားမည်

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်းဘောလုံး အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၁၅ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများမှာ ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲများ ကစားရမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စု(က) နောက်ဆုံးနေ့ပွဲစဉ်များ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့်

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❂